# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
# (ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)
# ဧရာဝတီတိုင်းဒေသကြီး၊ဟင်္သာတခရိုင်





## မြန်အောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ကျေးရွာဖွံ့ဖြိုးရေး(VDP)စီမံချက်(၂၀၁၈-၂၀၂၂)


ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ညောင်ခုံကျေးရွာ၊မြန်အောင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)



ရက်စွဲ၊၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စကားချီး | ၁ |
| | ညောင်ခုံကျေးရွာတည်နေရာပြမြေပုံ | ၃ |
| | ညောင်ခုံကျေးရွာရာသီခွင်ပြ ပြက္ခဒိန် | ၄ |
| | **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | ၅ |
| (၁) | နိဒါန်း–ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု | |
| | (က) ရည်ရွယ်ချက် | |
| | ( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | |
| (၂) | **ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ** | ၇ |
| | (က) တည်နေရာနှင့်ပထဝီအနေအထား | |
| | ( ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ | |
| (၃) | **ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** | ၇ |
| | (က) လူဦးရေဆိုင်ရာအချက်အလက်များ | |
| | ( ခ) စီးပွားရေးအခြေအနေဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု | |
| | ( ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု | |
| | (ဃ) ပညာရေးနှင့်ကျွမ်းကျင်မှုများ | |
| | ( င) ကျန်းမာရေးနှင့်အဟာရ | |
| | ( စ) ကျားမရေးရာဆိုင်ရာဆက်နွယ်မှု | |
| (၄) | **ကဏ္ဍာအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** | ၁၀ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု | |
| | ( ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍာ | |

( ဂ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်း
လုပ်ငန်းများ

(ဃ) သဘာဝပတ်ဝန်းကျင်နှင့်သဃံဇတစီမံခန့်ခွဲမှု

( င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

( စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

( ဇ) အခြေခံအဆောက်အဦ–လမ်း၊တံတား၊လျှပ်စစ်စွမ်းအား၊
သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းရေးနှင့်ပြည်သူ့လုံခြုံရေး

(၅) **ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့်စိန်ခေါ်မှု** ၁၄

(က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ

( ခ) အဟန့်အတားနှင့်စိန်ခေါ်မှု

(၆) **ပန်းတိုင်နှင့်မဟာဗျူဟာ** ၁၆

(က) ဖွံ့ဖြိုးရေးပန်းတိုင်

( ခ) အကောင်အထည်ဖော်နည်းဗျူဟာ

(၇) **ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့် အထက်အဆင့်မှ ကူညီဖြေရှင်းရမည့်ကိစ္စများ** ၁၇

(က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စစ်ဆေးခြင်း

( ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး

( ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး

(၈) **စီမံကန်း၊စီမံချက်နှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ** ၁၈

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

( ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း

( ဂ) ဦးစားပေးစီမံချက်

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) **ဘတ်ဂျင်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်** ၂၁

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၃

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

( ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

( ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင် ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ

(၁၁) **စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာစမ်းစစ်ခြင်းနှင့်အကဲဖြတ် သုံးသပ်ခြင်း** ၂၄

(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

( ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

( ဂ) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ(၁)**

**ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေ ကောင်းများအဟန့်အတားနှင့်ရင်ဆိုင်ကျေးလွှားရမည့်စိန်ခေါ်မှုများ** ၂၇

(က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

( ခ) အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**ကျေးရွာဖွံ့ဖြိုးရေးသုံးသပ်ရန် အထောက်အကူပြုဇယားများ**

**(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ** ၂၉

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

**(၂) သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ** ၃၀

ဇယား ၂ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ် အခြေအနေ

ဇယား ၃ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းမြစ်များ

**(၃) ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ** ၃၂

ဇယား ၄ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

**(၄) စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** ၃၃

ဇယား ၅ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၆ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၇ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၈ မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

ဇယား ၉ စိုက်ပျိုးမွေးမြူရေးမဟုတ်သောစီးပွားရေးလုပ်ငန်းများ

**(၅) အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

ဇယား ၁၀ ကုန်စည်နှင့်ဝန်ဆောင်မှုဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား ၁၁ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၁၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၁၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၁၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၁၅ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာ အခြေအနေ
**(၆) ပညာရေး** ၄၂
ဇယား ၁၆ ကျောင်းတက်နှုန်း
ဇယား ၁၇ စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ
**(၇) ကျန်းမာရေး** ၄၄
ဇယား ၁၈ အဖြစ်များသောရောဂါများ
ဇယား ၁၉ လွန်ခဲ့သော (၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၂၀ ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၂၁ သောက်သုံးရေရရှိနိုင်မှု
ဇယား ၂၂ အိမ်သာအမျိုးအစား
**(၈) ဘေးအန္တရာယ်ထိခိုက်မှုအခြေအနေများ** ၄၈
ဇယား ၂၃ ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ
**(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေများ** ၄၉
ဇယား ၂၄ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ
**(၁၀) ကျား-မရေးရာ** ၄၉

ဇယား ၂၅ ကျား-မရေးရာ

**နောက်ဆက်တွဲ(၂)**

**ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား** ၅၁

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခုနှစ် ကာလတို(၆)လမှ ၂၀၂၁/၂၂ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက် ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ် ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။


ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊

ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
ညောင်ခုံကျေးရွာ
မြန်အောင်မြို့နယ်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင် လ ရက်

## ညောင်ခုံကျေးရွာအရင်းအမြစ်ပြမြေပုံ၊မြန်အောင်မြို့နယ်



## ညောင်ခုံကျေးရွာ ရာသီခွင်ပြဇယား၊မြန်အောင်မြို့နယ်



# အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

## ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများရေးဆွဲအကောင်ထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏အကူအညီဖြင့်ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင်တက်ကြွစွာပါဝင်၍ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကိုအလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွနုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်ထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေသော အချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက်အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ပြန်ကြားဆက်သွယ်ရေးနှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

**၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု**

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့် အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့် အကူအညီများကို အခြေခံကာဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍ လက်တွေ့ အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

### (က)တည်နေရာနှင့်ပထဝီအနေအထား

ကျေးရွာသည်ရောဝတီတိုင်း၊ ဟသ်ာတခရိုင်၊မြန်အောင်မြို့နယ်၊ မျှင်ဝါးတောင်ကျေးရွာအုပ်စု အတွင်း၌တည်ရှိပြီး၊မြန်အောင်မြို့နယ်၏တောင်ဘက်၊ပုသိမ်-မုံရွာဆက်သွယ်ဖောက်လုပ်ထားသော ကားလမ်းမကြီး၏(၂)မိုင်ခန့်တွင် တည်ရှိပါသည်။ ကျေးရွာသည်တောင်ရိုးဒေသဖြစ်ပြီး မိုးတွင်း ကာလတွင် တောင်ကျချောင်းရေများစီးဆင်းလာတတ်ပြီး ယာခင်းများတွင် ရေလွှမ်းမိုးခံရတတ် ပါသည်။ ညောင်ခုံကျေးရွာသည် ရောဝတီတိုင်းအတွင်း အရှိုချင်းတိုင်းရင်းသားအများဆုံး နေထိုင် သော ကျေးရွာဖြစ်ပါသည်။

### (ခ) ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ

ကျေးရွာသည်နှစ်စဉ်မိုးရေချိန်လက်မ(၆၀)ခန့်ရရှိပြီး၊သဘာဝပေါက်ပင်များမှာ ပျဉ်းကတိုး၊ ကျွန်း၊ သစ်ယာ၊အင်ကြင်း၊ဝါး၊သရက်၊တောင်မရွေး၊နလင်ကျော်၊ဂုံခါး၊ဘုမ္မာရာဇာ စသည့် သဘာဝ ပေါက်ပင်များအလေ့ကျပေါက်ရာဒေသလည်းဖြစ်ပါသည်။မိုးစပါးသီးနှံစိုက်ပျိုးနိုင်သောလယ်(၃၀၄)ဧ က၊နွေစပါးစိုက်ပျိုးနိုင်သော လယ်ဧက(၁၅၀)ဧက၊ ငှက်ပျော၊သရက်၊ ပိန္နဲပင်များစသည့် သီးနှံ စိုက်ပျိုးနိုင်သောဥယျာဉ်ခြံမြေ(၈)ဧကနှင့်မြေပဲ၊ပဲတီစိမ်း၊မတ်ပဲစသည့်သီးနှံစိုက်ပျိုးနိုင်သောယာဧက( ၁၉၉)ဧကရှိပါသည်။ ကျေးရွာအနီးတွင်မမြရေလှောင်တမံရှိသည့်အတွက် နွေစပါးစိုက်ပျိုးရာတွင် ဆည်ရေရရှိခြင်းဖြင့် အလွယ်တကူစိုက်ပျိုးထွန်ယက်နိုင်ပါသည်။

## ၃။ ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်မှုအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း(၂၀၆)စုနှင့်ကျား(၃၉၈)၊ မ(၃၈၈)ဖြင့် လူဦးရေစုစုပေါင်း(၇၈၆)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၂.၆၇)ဦးနှုန်းရှိပြီး နိုင်ငံတော်၏ တစ်အိမ်ထောင် ပျမ်းမျှ လူဦးရေ(၅)ဦးထက်လျော့နည်းသည်။ ကျေးရွာတွင်အရှိုချင်းလူဦးရေ အများဆုံး နေထိုင်ပြီး ဗမာ လူမျိုး များလည်းအနည်းငယ်နေထိုင်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သော လူဦးရေမှာ (၇၄.၃%)ခန့်ရှိသဖြင့် လူသားအရင်းအမြစ်ကောင်းတစ်ရပ်ဖြစ်ကာ လူငယ် များကိုလေ့ကျင့် သင်ကြားပေးပြီး ဒေသစီးပွားရေးတိုးတက်အောင် စွမ်းဆောင်နိုင်သည်။ အလုပ်လုပ်နိုင်သော အမျိုးသမီးဦးရေသည် အမျိုးသားဦးရေပေါင်းထက်လျော့နည်းပါသည်။ အမျိုးသမီးများအတွက် အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်ပေးသင့်သည်။

## (ခ) စီးပွားရေးအခြေအနေ ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ ယေဘူယျအားဖြင့် နိမ့်ကျပါသည်။ ဆင်းရဲ ချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၈%)ခန့်သာ ဥစ္စာခနေပြည့်စုံပြီး (၁၀%)ခန့်မှာ အသင့်အတင့် ချောင်လည်ကာ (၂၀%) ခန့်မှာဆင်းရဲကြပြီး အိမ်ထောင်စုအားလုံး၏(၆၀%)ခန့်မှာ အလွန်ဆင်းရဲကြပါသည်။ ကျေးရွာတွင် ကိုယ်ပိုင်စိုက်ပျိုးရေးနှင့်အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သည့် အိမ်ထောင်စု(၃၉)စု၊ ကိုယ်ပိုင်စိုက်ပျိုးရေး အနည်းငယ်သာလုပ်ကိုင်သည့် မပြေလည်သော အိမ်ထောင်စု (၂၄)စုနှင့် ကျေးရွာရှိ အိမ်ထောင်စု၏ (၆၀%)သည် မြေယာမဲ့ အိမ်ထောင်စုများဖြစ်ပြီး ဆင်းရဲနှင့် အလွန်ဆင်းရဲအဆင့်များတွင် ရှိနေပြီး လူများစုလည်း ဖြစ်ပါသည်။

## (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက် များပြားသော်လည်း ရာသီအလိုက် လယ်ယာလုပ်ငန်း၊ လက်လီ၊ ခေါင်းရွက်ဗျက်ထိုးလုပ်ငန်းများ၊ ဆန်စက်၊ တစ်နိုင်တစ်ပိုင် မွေးမြူရေး လုပ်ငန်းများတွင် အလုပ်အကိုင်ရှာဖွေနိုင်ကြသည်။ ကျေးရွာ၏ ဆင်းရဲနှင့် အလွန်ဆင်းရဲ၏အိမ်ထောင်စုများ၏ ၈၁%ဖြစ်သော (၁၆၇)စုကိုလေ့လာဆန်းစစ်မှုအရ ယင်းတို့၏(၉၀%) မှာသူတစ်ပါးထံ မှချေးငှားရသော်လည်း နပ်မှန်စွာစားသုံးနိုင်ကြကြောင်း တွေ့ရှိရပါသည်။ အကြွေးတင်ရှိမှုတွင် တွေ့ဆုံခဲ့သော အိမ်ထောင်စုအားလုံးသည် ၁၀၀၀၀၀/ ကျပ်မှ ၅၀၀၀၀၀/ကျပ်ထိ တင်ရှိနေကြသည်။ ချေးငွေအများစုကို ပုဂ္ဂလိကငွေချေးလုပ်ငန်း များ၊ အစိုးရချေးငွေလုပ်ငန်းများမှ ချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာ စားသုံးရန်နှင့် ဝင်ငွေရလုပ်ငန်းများအတွက် အဓိကသုံးစွဲကြပြီး၊ ကျန်းမာရေးနှင့် ပညာရေး ကိစ္စရပ်များအတွက် အသင့်အတင့်သုံးစွဲကြသည်။

## ( ဃ)  ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာရှိ မူလတန်းကျောင်းဆောင်(၂)ဆောင်ရှိပြီး  အမိုး၊ နံရံ၊ အခင်း အရည် အသွေး မှာ အသင့်အတင့်သာရှိပါသည်။ ကျောင်းဆရာ(၄)ဦး၊ ဆရာမ(၁)ဦးသာရှိပြီး ဝန်ထမ်းလုံလောက်မှု မရှိပါ။ ကျေးရွာတွင်လက်ရှိပညာသင်ကြားနေသော ကျောင်းသား/သူများမှာ မူလတန်း ကျား (၂၄)ဦး၊ မ(၂၂)ဦး စုစုပေါင်း(၄၆)ဦး၊ အလယ်တန်းကျား(၂၇)ဦး၊ မ(၁၇)ဦး စုစုပေါင်း (၄၄) ဦး၊ အထက်တန်းကျား(၁၂)ဦး၊ မ(၁၇)ဦး စုစုပေါင်း(၂၉)ဦး၊ တက္ကသိုလ်ကောလိပ် ကျား(၆)ဦး၊ မ(၁၁)ဦး စုစုပေါင်း(၁၇)ဦး ပညာသင်ကြားနေကြပြီး၊ မူလတန်းနှင့် အလယ်တန်းကျောင်းနေ အရွယ်များပြီး၊ အခြားကျောင်းနေအရွယ်နည်းပါးပါသည်။ ယခုလောလောဆယ်တွင် KG ကျောင်းသား(၄၆)ဦး ကျော်ရှိသော်လည်း KGကျောင်းဆောင်သီးသန့်မရှိ၍ ဖြစ်သလိုသင်ယူနေရခြင်း၊ ဝန်ထမ်းအိမ်ရာ မရှိခြင်းတို့ကိုလည်း ကြုံတွေ့နေရပါသည်။ ကျောင်းသူ/သားများ အားလပ်ချိန်တွင် အပန်းဖြေကစား နိုင်မည့် အထောက်အကူပြုပစ္စည်းများ၊ ဆီးဆော့၊ ဘားတန်းစသည်တို့ လုံးဝ မရှိသေးပါ။ ကျောင်းသုံးပရိဘောဂ၊ စာရေးခုံ၊ထိုင်ခုံတို့လည်း ပြည့်စုံမှုမရှိသေးသည်ကို တွေ့ရပါ သည်။

အသက်မွေးဝမ်းကျောင်းပညာသင်ယူနိုင်မှု အခွင့်အလမ်းနည်းပါးခြင်းကြောင့် ကျွမ်းကျင် လုပ်သားနည်းပါး၍ အခြားနေရာများသို့ ဝင်ငွေနိမ့်အလုပ်များကိုသာ သွားရောက်လုပ်ကိုင် နေရပါ သည်။ ရပ်ရွာရှိမိရိုးဖလာ လယ်ယာလုပ်ငန်းခွင်များတွင်လည်း ရာသီချိန်ကာလ အကန့်အသတ်ဖြင့် သာ ဝင်ငွေနိမ့်ပါးစွာလုပ်ကိုင်ရ၍ အလုပ်စဉ်ဆက်မပြတ်ရေးအတွက် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းခွင် များတွင် ကျွမ်းကျင်သောအလုပ်သမားများဖြစ်စေရန် အသက်မွေးဝမ်းကျောင်းပညာသင်တန်းများ ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ပါက များစွာအဆင်ပြေနိုင်ပါသည်။

## (င)  ကျန်းမာရေးနှင့်အဟာရ

ကျေးရွာသည်အင်ပင်တိုက်နယ်ဆေးရုံနှင့် (၁၀)မိုင်ခန့် ကွာဝေး၍ မြန်အောင်မြို့နယ် ဆေးရုံ သို့ (၂၀)မိုင်ကျော်သွားရပါသည်။ ရွာတွင်ကျေးလက်ဆေးပေးခန်းရှိပြီး ကျေးလက်သားဖွားဆရာမ (၂)ဦးရှိပြီး ကျေးရွာသူ/သားများ၏ကျန်းမာရေးစောင့်ရှောက်မှုများအား ပုံမှန်ပြုလုပ်ပေးလျှက် ရှိပါသည်။ ကျေးရွာတွင်ငှက်ဖျားရောဂါအမြင့်ဆုံးဖြစ်ပွားပြီး၊ သွေးလွန်တုတ်ကွေးရောဂါ၊ တီဘီ ရောဂါ၊ ဆီးချိုရောဂါ၊သွေးတိုးရောဂါနှင့်အဟာရချို့တဲ့မှုရောဂါများသည် ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသဲရောဂါ(ဘီ၊စီ)နှင့် အခြားကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားမှုမရှိကြောင်းတွေ့ရှိရပါသည်။ ကျေးရွာတွင်လွန်ခဲ့သော(၁၂)လအတွင်း ကာကွယ်

ဆေးထိုးနှံမှုများ ပုံမှန်ပြုလုပ်လျှက်ရှိပါသည်။ ကျန်းမားရေးဝန်ထမ်းနည်းပါးသောကြောင့် ဝမ်းပျက် ဝမ်းလျှော ရောဂါများမှ ကင်းဝေးစေရန်အတွက်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုများ ထိရောက်စွာမပြုလုပ်နိုင်ပေ။

## (စ) ကျား၊မရေးရာဆိုင်ရာဆက်နွယ်မှု

ကျား–မဆိုင်ရာအခွင့်အရေးအနေဖြင့်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိပါသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ ရေခပ်၊ ကလေးထိန်းခြင်း၊ အင်ဖက်ကောက်ခြင်း၊ ထင်းခွေခြင်းစသော ကိစ္စများဆောင်ရွက်ကြ သည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနှုတ်ခြင်း၊ ကောက်စိုက်ခြင်း၊ အမျိုးသားများသည် လယ်ထွန်ခြင်း၊ ပျိုးနှုတ်ခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ကြသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှု ပွဲတော်များဖြစ်သော ချင်းအမျိုးသားနေ့ပွဲတော်၊ ချင်းနှစ်သစ်ကူးပွဲတော်၊ ခရစ်စမတ်ပွဲတော်၊ တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ သီတင်းကျွတ် မီးထွန်းပွဲတော်၊ ညောင်ရေသွန်းပွဲတော်၊ သင်္ကြန်ပွဲတော်စသည့်ပွဲတော်များ ကျင်းပခြင်း၊ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းဆရာတော်ဘုရား၏ ဦးဆောင်မှုနှင့် ဂေါပကအဖွဲ့များ ပေါင်းစပ်၍ တရားစခန်းပွဲများ ကျင်းပကြပါသည်။ တန်ခူးလ သင်္ကြန်ပွဲတော်၏ စည်ကားပုံမှာ **“မြို့မှာရန်ကုန် တောမှာညောင်ခုံ”**ဟုတင်စားရလောက်သည်။ ကျေးရွာရှိပွဲတော်များနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူ လုပ်ငန်းများပူးပေါင်း ဆောင်ရွက်ကြပါသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသားများသည် အမျိုးသမီးများထက် လုပ်အားခပိုမိုရရှိကြသည်။ ဒေသတွင်းအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍနည်းပါးနေ သေးကြောင်း တွေ့ရှိရပါသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ် ပညာရေးအထိ ကျား–မတန်းတူ အခွင့်အရေးရှိပါသည်။

# ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

## (က)ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဖွံ့ဖြိုးရေးလုပ်ငန်း၊ အများနှင့်ဆိုင်သော သာရေး၊ နာရေးလုပ်ငန်းကိစ္စများတွင် ဝိုင်းဝန်းဆောင်ရွက်ကြပါသည်။ ဘုန်းတော်ကြီးကျောင်းဂေါပကအဖွဲ့၊အရှိုချင်းနှစ်ချင်းအသင်းတော်၊ အရံမီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်၊ ကြက်ခြေနီ၊အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့တို့ဖြစ်ပါသည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည်ဆောင်ရွက်မှုအားနည်းကြောင်းတွေ့ ရပါသည်။ ကျေးရွာသည်မြို့နှင့် ကွာဝေးပြီး နွေရာသီတွင် မီးဘေးကြိုတင်ကာကွယ်ရေး၊ မီး

အသုံးပြုပုံနည်းစနစ်များ ကောင်းစွာနားမလည်သောကြောင့် နွေရာသီမီးဘေးအန္တရာယ် ကျရောက်ပါကပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။ မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြင်ပအဖွဲ့အစည်း၊ အခြားသောဌာနဆိုင်ရာများနှင့်ချိတ်ဆက်၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဟောပြောပွဲများ ပြုလုပ်ပေးခြင်းဖြင့် မီးဘေးအန္တရာယ်ကျရောက်မှုများမှကာကွယ်နိုင်မည်ဖြစ်ပါသည်။ကျေးရွာတွင် သာရေးနာရေးလူမှုရေးကိစ္စကြီးငယ်ပေါ်ပေါက်လာလျှင် ရွာသားများစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းဆောင်ရွက်သော အလေ့အကျင့်ကောင်းများရှိပါသည်။ ညောင်ခုံကျေးရွာအား ခြုံငုံ၍ သုံးသပ်ရလျှင် သာရေးနာရေးကိစ္စများ ဆောင်ရွက်ရန်မိရိုးဖလာ ဖွဲ့စည်းထားသော အဖွဲ့အစည်းများက အားကောင်းကြပြီးကျေးရွာဖွံ့ဖြိုးရေးကို စီမံကိန်းချ၍ ရေရှည်ဆောင်ရွက်နိုင်မည့် အဖွဲ့အစည်းစနစ်မရှိသေးပါ။

## (ခ) သီးနှံသားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်မိုးစပါး၊ နွေစပါးနှင့် ပဲအမျိုးမျိုးကိုအဓိကထားစိုက်ပျိုးကြသည်။ စိုက်ဧကအဖြစ်ဧက(၅၉၅)ရှိပြီး မိုးစပါးပျမ်းမျှ(၇၀)တင်းခန့်၊ နွေစပါး(၉၀)တင်းခန့်နှင့် ပဲ(၁၂)တင်း ခန့် ပျမ်းမျှထွက်ရှိပါသည်။

စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာဝန်ဆောင်မှုများအသင့်အတင့်ရရှိနိုင်ပြီး စိုက်ပျိုးရေးပစ္စည်းကုမ္ပဏီများမှလည်း တောင်သူများအတွက် ဝန်ဆောင်မှုများပေးပါသည်။ တောင်သူ အများစုသည် လယ်ယာလုပ်ငန်းခွင်အတွက် အလုပ်သမားရှားပါးမှုနှင့် ပြည့်စုံလုံလောက်သော လုပ်အားခမပေးနိုင်ခြင်းစသည့် ပြဿနာများနှင့် ကုန်ကျစရိတ်မြင့်တက်မှုတို့ကို ရင်ဆိုင်နေရသည်။

ကျေးရွာတွင် ဒေသထွက်မျိုးရင်းများဖြစ်သော ဝက်၊ ကြက်၊ ဘဲတို့ကိုသာမွေးမြူကြသည်။ ရာသီအလိုက်ဖြစ်တတ်သောရောဂါများကြောင့် သေဆုံးပျက်စီးမှုများရှိပါသည်။ နည်းပညာဝန်ဆောင်မှုကိုမြို့နယ်မွေးရကုဦးစီးဌာနတို့မှရရှိနိုင်သော်လည်း ဝန်ထမ်းအင်အားမလုံလောက်မှုကြောင့် လွှမ်းခြုံဆောင်ရွက်ပေးနိုင်မှုအားနည်းသည်။ မွေးမြူရေးလုပ်ငန်းပိုင်းဆိုင်ရာ အဟန့်အတားများ အနေဖြင့် မွေးမြူရေးလုပ်ငန်း တည်ထောင်တိုးချဲ့ရန် ချေးငွေကိုအလွယ်တကူ မရရှိနိုင်ကြချေ။

## (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းကုန်ထုတ်လုပ်ငန်းအနည်းငယ်သာရှိပါသည်။ အခြားဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ ခေါင်းရွက်ဗျပ်ထိုး၊ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများ၊ ဈေးရောင်းခြင်းနှင့် အစိုးရဝန်ထမ်းလုပ်ငန်းများဖြစ်ကြပါသည်။ အခြားလုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစားအလိုက် တွက်ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင် ရှိသည်။ လက်လုပ်လက်စားလုပ်ငန်းများမှာ စိုက်ပျိုးရာသီများတွင်သာ အလုပ်အကိုင်များပြီး ကျန်အချိန်များတွင် အလုပ်အကိုင်နှင့် ဝင်ငွေမမှန်ခြင်းကြောင့် တွက်ခြေကိုက်မှုနည်းပါးပါသည်။ ကျေးရွာတွင် အလုပ်လုပ်ကိုင်နိုင်သော လူဦးရေများပြားခြင်းသည် ကျေးရွာ၏ အလားအလာကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများအား တက်ရောက်နိုင်မှုနည်းပါးပါသည်။ ငွေကြေးအဆင်ပြေသော အိမ်ထောင်စုအချို့သာ သင်တန်းများသို့ တက်ရောက်နိုင်ကြပါသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာတွင် စပါးနှင့်အခြားသီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးနှင့်ဓာတုဓါတ်မြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးနည်းစနစ်အား အသုံးပြုမည်ဆိုပါက အဆင်ပြေနိုင်ပါသည်။ စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှုတွင် ပလတ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဘူးခွံ၊ ကော်နှင့်ဆက်စပ်သောပစ္စည်းများအား စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးရေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာသည်တောင်ရိုးဒေသ အပိုင်းတွင်းတည်ရှိ၍ ရေကြီးမှုဒဏ်မှကင်းဝေးပါသည်။ ကုန်းတွင်းဒေသဖြစ်ခြင်းကြောင့်လည်း မုန်တိုင်းဘေးအန္တရာယ် ဖြစ်ပွားမှုနှုန်း နည်းပါးသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ

ကျေးရွာမှ တောင်သူလယ်သမားများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသော ချေးငွေကို တစ်နှစ်အတိုးနှုန်း (၀.၈၀.)ကျပ်တိုးနှုန်း၊ တစ်ဧက (၁၅၀၀၀၀)ကျပ်နှုန်းဖြင့် အများဆုံး(၁၀)ဧကအတွက် ချေးယူနိုင်ကြပါသည်။

ကျေးရွာသားအများစုသည် ချေးငွေကိုအဓိကအားဖြင့် ရိက္ခာ၊ ဝင်ငွေရလုပ်ငန်း၊ ကျန်းမာရေး ပညာရေးဆိုင်ရာ ကိစ္စရပ်များအတွက် ချေးယူကြပြီး ကျေးရွာတွင် ချေးငွေ လိုအပ်ချက်များပြားကြောင်းတွေ့ရှိရပါသည်။ ဆင်းရဲ၊ အလွန်ဆင်းရဲသော အိမ်ထောင်စုများ၏ အကြွေးတင်ရှိမှုကို လေ့လာဆန်းစစ်ချက်အရ အကြွေးငွေပမာဏသည် ကျပ်((၁)သိန်းမှ ကျပ်(၅)သိန်းထိရှိကြောင်း တွေ့ရှိရသည်။

## (စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင် မူလတန်းကျောင်းဆောင် (၂)ဆောင်ရှိပါသည်။ တစ်ဆောင်မှာ (၂၀'×၃၀') သွပ်မိုး၊ ပျဉ်ထောင်ဖြစ်ပြီး နောက်ထပ်ကျောင်းဆောင်တစ်ဆောင်မှာ (၆၀'×၃၀') သွပ်မိုး၊ အုတ်နံရံကာ၊ အင်္ဂတေခင်းကျောင်းဆောင်များဖြင့် သင်ကြားပေးလျှက်ရှိပါသည်။ ကျေးရွာသားအားလုံးမှာ ရေးတတ်၊ ဖတ်တတ်ကြပါသည်။ ကျေးရွာကျောင်းတက်နှုန်းမှာ အလယ်အလတ်အဆင့်သာရှိပါသည်။ ရွာနီးပတ်ဝန်းကျင်မှ ကျောင်းသားအများစုမှာလည်း တက်ရောက်ကြသောကြောင့် ပရိဘောဂနှင့် သင်ထောက်ကူပစ္စည်းများ လိုအပ်နေပါသည်။ ကျောင်းတွင် ဆရာ/မစုစုပေါင်း(၅)ဦးနှင့် ကျောင်းသား/သူပေါင်း(၄၆)ယောက်တို့ဖြင့် ပညာ သင်ကြားနေပါသည်။ ဆရာတပည့်အချိုးမှာ ညီမျှပါသည်။ ကျောင်းဖွင့်ရာသီတွင် ကျောင်းသား/ သူများအတွက် ပြဋ္ဌာန်းစာအုပ်များ နှင့် လေ့ကျင့်ခန်းစာအုပ်များကို အခမဲ့ပံ့ပိုးပေးခဲ့ပါသည်။

ကျေးရွာတွင် ကျေးလက်ကျန်းမားရေးဆေးပေးခန်းရှိပါသည်။ ကျေးရွာအနီးတွင် ဆေးဆိုင်ရှိသော်လည်း ဆေးဝါးများကို စနစ်တကျသိုလှောင်ထားရှိခြင်း မရှိပါ။ သောက် သုံးရေအတွက် လက်နှိပ်ရေတုံကင်နှင့် အဝီစိစက်တပ်တွင်းများမှ ရေရရှိပြီး လုံလောက်မှု ရှိပါသည်။ အိမ်ထောင်စုအများစုက အိမ်သာကျင်းများကို ကွန်ကရစ်ခွေဖြင့်လည်းကောင်း၊ အုတ်ဖြင့်လည်းကောင်း၊ ဝါးရိုင်ပက်ဖြင့်လည်းကောင်း ဆောက်လုပ်သုံးစွဲကြပါသည်။ တစ်ရွာလုံး(၇၈%)မှာ ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲကြသည်။ ကျန်အိမ်ထောင်စု (၄၆)စု (၂၂.၃%)မှာ အခြားအိမ်သာများသို့

သွားရောက်အသုံးပြုသောကြောင့် ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးပါသည်။ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းတွင် လုံလောက်သော အိမ်သာများကို စနစ်တကျဆောက်လုပ်ထားကြောင်း တွေ့ရှိရပါသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်သော နေရာသီးသန့်မရှိသော်လည်း ကျေးရွာပိုင်ဘောလုံးကွင်းရှိပါသည်။ လူငယ်များအနေဖြင့် ဘာသာရေးပွဲများနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။

## (ဇ) အခြေခံအဆောက်အဦ–လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်းရှိလမ်းအများစုမှာ ချောင်းကျောက်နှင့် မြေသားလမ်းများဖြစ်ပြီး ကား၊ ထော်လာဂျီ၊ သုံးဘီးဆိုင်ကယ်၊ ဆိုင်ကယ်များနှင့် စက်ဘီးများကို အသုံးပြုသွားလာကြပါသည်။ ကုန်းလမ်းဆက်သွယ်ရေးအတွက် မော်တော်ဆိုင်ကယ်(၁၅၃)စီး၊ စက်ဘီး (၁၃၉) စီး၊ ထော်လာဂျီ (၁)စီး၊ သုံးဘီးဆိုင်ကယ်(၁)စီး ကား(၃)စီးတို့ကို အသုံးပြုလျှက်ရှိသည်။

ကျေးရွာတွင်လျှပ်စစ်မီးကိုအသုံးမပြုနိုင်သေးပါ၊ အိမ်ထောင်စု(၁၁၉)စုမှာ ကိုယ်ထူ ကိုယ်ထဆိုလာစနစ်ဖြင့်သုံးစွဲကြပြီး အိမ်ထောင်စု(၂၄)စုမှာဒီဇယ်အင်ဂျင်ဖြင့် လျှပ်စစ်မီးကို အဓိကထားသုံးစွဲကြပါသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားဝန်ဆောင်မှုများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြပါသည်။ ကျေးရွာတွင် အင်တာနက် အသုံးပြုနိုင်မှုမှာ အသင့်အတင့်ကောင်းမွန်ပြီး သတင်းအချက်အလက် ချိတ်ဆက်မှုများအတွက် များစွာအသုံးဝင်ပါသည်။

## (ဈ) တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်၊ အမှုအခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ သို့သော် ကျေးရွာသူ ကျေးရွာသား များသည် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်း အမြစ် များအတွက်

လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေး အန္တရာယ် လျော့ပါးရေး အစီအစဉ် သီးသန့်ရေး ဆွဲထားခြင်း မရှိသေးပါ။ ကျေးရွာသူ/သား များသည် ရဲစခန်းသို့ အလွယ် တကူချိတ်ဆက်မှုများ ပြုလုပ်နိုင်သောကြောင့် ကျေးရွာအတွင်း ရာဇဝတ်မှုများနည်းပါးပါသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊အဟန့်အတားနှင့် စိန်ခေါ်မှုများ

### (က) ဖွံ့ဖြိုးရေးအတွက်အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

ကျေးရွာတွင် ဆိုလာစနစ်၊ဒီဇယ်အင်ဂျင်များဖြင့် လျှပ်စစ်မီးကိုအသုံးပြုကြခြင်း ကြောင့် ကျေးရွာရှိ ကျောင်းသူ/သားများအတွက် စာဖတ်ချိန် အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန်များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန် သားပြင်မှ ကြည့်ရှုနိုင်ခြင်းစသော လူနေမှုအဆင့်အတန်းမြင့်မားလာရေးအတွက် အထောက် အကူ ပြုနေသည်။

လူဦးရေအားလုံး၏(၇၄.၃%)မှာ အလုပ်လုပ်နိုင်သည့် အရွယ်များဖြစ်ကြသည်။ ဘွဲ့ရအရေ အတွက် အသင့်အတင့်ရှိပြီး ကျွမ်းကျင်မှုအသက်မွေးဝမ်းကျောင်းသင်တန်း များကိုလူငယ်များအား လေ့ကျင့်သင်ကြားပေးခြင်းဖြင့် လူသားအရင်းအမြစ်ကို တိုးတက် ကောင်းမွန် စေနိုင်မည်ဖြစ် ပါသည်။ ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာ ရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမီနိုင်ကြသည်။ ကျေးရွာ သူ/သားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း ထူးကြီးတိုက်နယ်ဆေးရုံနှင့် ဘက်ရဲဆေးရုံများသို့လည်း သွားရောက်၍ ဆေးဝါးကုသမှုများခံယူနိုင်ကြသည်။

သဘာဝအရင်းအမြစ်များအနေဖြင့် လယ်ယာမြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီ သြဇာ အတော်အသင့်ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပေးနိုင်သည်။ မိုးရွာသွန်းမှုမှာစပါးစိုက်ပျိုး ထုတ်လုပ်မှုအတွက် အထောက်အကူ ဖြစ်ပါသည်။ မမြေရေလောင်တမံရှိခြင်းကြောင့် နွေးစပါးစိုက်ပျိုးမှုအတွက်အထောက်အကူပြုပါသည်။ ကျေးရွာသည် ပုသိမ်–မုံရွာကားလမ်းဘေးတွင်တည်ရှိပါသသည်။။ ဟသ်ာတမြို့၊မြန်အောင်မြို့၊ ပုသိမ်

မြို့နှင့်ရန်ကုန်မြို့တို့သို့ကားလမ်းဖြင့် ကူးသန်းသွားလာနိုင်ပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် ကျေးရွာထွက်ကုန်များကို တင်ပို့ရောင်းချနိုင်ပါသည်။ မွေးမြူရေးထွက်ကုန်များ ထုတ်လုပ်ရောင်းချရန်အတွက် နည်းပညာဆိုင်ရာပံ့ပိုးမှုများနှင့် ဈေးကွက်ဖန်တီးမှုများကို ပြုလုပ်ပါက အထူးတိုးတက်လာနိုင်ပါသည်။

ကျေးရွာတွင် ရာဇဝတ်အမှုအခင်းဖြစ်ပွားမှု နည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်ခြင်းကို ချောမွေ့စေသည်။ ကျေးရွာသူ/သားများသည် မိုဘိုင်းဖုန်း ဆက်သွယ်ရေးကို အသုံးပြုနိုင်ကြသဖြင့် လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ် သလိုဆက်သွယ် သိရှိနိုင်ပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် ဝန်ဆောင်မှုလုပ်ငန်း များအတွက် လက်လှမ်းမီ အသုံးပြုနိုင်ကြပါသည်။

### (ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာတွင် မြေဆီမြေသြဇာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတ များအဖြစ် ချောင်းကျောက်များ၊သဲများထွက်ရှိပါသည်။ စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ်မြေရိုင်းများထပ်မံမတိုးချဲ့နိုင်သော်လည်း လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှုတိုးမြှင့်ရန် ဆောင်ရွက်ကြသည်။ သီးနှံများမှာ ရာသီဥတု ဖောက်ပြန်ပါက ပိုးမွှားများကျရောက်သည့် အန္တရာယ် ကိုကြုံတွေ့ရသည်။

ကျေးရွာတွင် မူလတန်းကျောင်းတည်ရှိပြီး၊ စာသင်ကျောင်းမှာ ကြံခိုင်မှုပိုင်းတွင် အားနည်းမှု ရှိပါသည်။ ကျေးလက်ကျန်းမာရေးဌာနရှိသော်လည်း ဆေးဝါးလုံလောက်မှုမရှိသဖြင့် အရေးပေါ် ရောဂါများဖြစ်ပွားပါက မြန်အောင်မြို့နယ်ဆေးရုံးသို့ သွားရောက်ကုသရသဖြင့် အချိန်ကြာမြင့် မှုရှိပေသည်။

## ၆။ ပန်းတိုင်နှင့် မဟာဗျူဟာ

### (က) ဖွံ့ဖြိုးရေးပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးဦးစီးဌာနအဖွဲ့နှင့် တိုင်ပင်ညှိနှိုင်းပြီး လာမည့်(၅)နှစ် တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို အောက်ပါအတိုင်းချမှတ်ထားပါသည်။

(က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် ကုန်ထုတ်လုပ်မှုမြင့်တင်ခြင်း၊ အလုပ်အကိုင်များ ဖန်တီးခြင်း သက်မွေးပညာသင်တန်းများရရှိခြင်းမှ ဝင်ငွေရှာဖွေနိုင်စွမ်းနှင့် စီးပွားရေးအနေအထား တိုးတက်ရရှိ လာစေရမည်။

(က.၂) ကျွန်ုပ်တို့ကျေးရွာလူထုသည် စာတတ်မြောက်မှုနှင့် ပိုမိုကောင်းမွန်သော ပညာရေးမှ တဆင့် ကလေးငယ်များ၏ လူသားဆိုင်ရာစွမ်းဆောင်ရည်နယ်ပယ်ကို ကျယ်ဝန်းလာစေရမည်။

(က.၃) ကျွန်ုပ်တို့ကျေးရွာလူထုသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းနှင့် စီးပွားရေးအုပ်စု များဖွဲ့ပြီး ကျေးရွာအခြေအပြု အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မြင့်မားလာမှုမှတဆင့် ဖွံ့ဖြိုးရေး စီမံခန့်ခွဲမှု ယန္တရား တိုးတက်လာစေရမည်။

(က.၄) ကျွန်ုပ်တို့ကျေးရွာရှိ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုး တိုးတက် အောင်ဆောင်ရွက်ပြီး ကောင်းမွန်သော ဈေးကွက်ကြီးကို ဖန်တီးတည်ဆောက်မည်။

(က.၅) ကျွန်ုပ်တို့သည် ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး များကို ချမှတ်ပြီး ကျေးရွာသူ/သားတို့၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်မည်။

(က.၆) ကျွန်ုပ်တို့သည် ခေတ်မီလယ်ယာများ ဖော်ထုတ်ပြီး အရည်အသွေးမြင့် စိုက်ပျိုးရေး ထုတ်ကုန် များထုတ်လုပ်မည်။

## (ခ) အကောင်အထည်ဖော်နည်းဗျူဟာ

ကျွန်ုပ်တို့သည် အထက်တွင်ဖော်ပြထားသော ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကို ရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကို ဆောင်ရွက်သွားမည်။

(ခ.၁) ကျေးရွာတွင် အရင်းအနှီးချေးငွေ၊ လယ်ယာသုံးစက်ကိရိယာအသုံးပြုနိုင်ရေးနှင့် နည်းပညာ အသုံးချနိုင်စွမ်းရရှိရေးတို့ကို ဆောင်ရွက်ပြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်သွားမည်။ အသေးစားငွေကြေးလုပ်ငန်းနှင့် ချေးငွေများအတိုးနှုန်းသက်သာစွာဖြင့် ပိုမိုရရှိစေရန်အတွက် မြို့နယ်ရှိဘဏ်များ၊ ပုဂ္ဂလိကရင်းနှီးငွေရရှိနိုင်ရာ အခြားနေရာများနှင့် ချိတ်ဆက် ပေးမည်။ အရင်းအနှီးငွေများရရှိပါက စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများအတွက် ခွဲဝေချထား ပေးမည်။

(ခ.၂) ကျွန်ုပ်တို့သည် အသက်မွေးဝမ်းကျောင်းဆိုင်ရာသင်တန်းများတက်ရောက်နိုင်ရန် သင့်တော်သော သင်တန်းသားများကို ရွေးချယ်စီစဉ်ပေးရမည်။ ထိုသင်တန်းများသည် သင်တန်းသားများအတွက် ကျွမ်းကျင်မှုများကို တိုးပွားရရှိစေပြီး ဝင်ငွေရလုပ်ငန်းများ ထူထောင်တိုးချဲ့နိုင်ရန် အ ထောက်အကူပြုပေမည်။

(ခ.၃) ကျေးရွာတွင် စံချိန်မီသော စာသင်ကျောင်းဆောင် တစ်ဆောင်နှင့် ပရိဘောဂ အသုံးအဆောင်ပစ္စည်းများ အလုံအလောက်ရရှိအောင်ဆောင်ရွက်သွားမည်။

(ခ.၄) ကျေးရွာတွင် ကျေးရွာလမ်းနှင့် ရွာချင်းဆက်လမ်းများ တိုးတက်ကောင်းမွန်ရေး အတွက် ဆောင်ရွက်သွားမည်။ ကျေးရွာလူမှုအဖွဲ့အစည်းများကိုလည်း ကျေးရွာအခြေပြုလုပ်ငန်း များကို အကောင်အထည်ဖော်စီမံခန့်ခွဲနိုင်ရန် ခေါင်းဆောင်မှုစွမ်းရည်များ ပိုမိုရရှိအောင် ဆောင်ရွက် ရန် တွန်းအားပေးဆောင်ရွက်သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်မှ ကူညီဖြေရှင်းရမည့် ကိစ္စများ

အစိုးရ၏မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းကျင်ပြီးသော အစိုးရဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်များအရ ပြုစု ဖော်ပြထားပါသည်။ ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှ တဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ် ပေးနိုင်ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စစ်ဆေးခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါသည်။ အနာဂတ်တွင်လည်း ရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော် အစိုးရထံမှလည်း အထောက်အပံ့ရရှိမည်ဟု မျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်း၊ နောက်ဆုံးအတည်ပြုထားသည့် ဖွံ့ဖြိုးရေး အစီအစဉ်များကိုလည်း သတ်မှတ်ကာလအတိုင်း ပုံမှန်စိစစ်သွားနိုင်ပါမည်။ အရေးကြီးသည့်အချက်

မှာ ဦးစားပေးစီမံချက်များနှင့် ဘတ်ဂျက်ပမာဏပါဝင်သည့် နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ကို ပြင်ဆင်ရန်ဖြစ်ပါသည်။

**(ခ) စိုက်ပျိုးမြေများထိရောက်စွာအသုံးချနိုင်ရေး**

ကျေးရွာတွင် မိုးစပါး၊ နွေစပါး၊ ပဲနှင့် ရာသီပေါ်သီးနှံများကို စိုက်ပျိုးပါသည်။ သို့သော် လယ်ယာလုပ်သားရှားပါးလာမှုနှင့်အတူ ရာသီဥတုဖောက်ပြန်လာမှုတို့ကြောင့် လယ်ယာလုပ်ငန်းခွင် အချိန်မှီပြီးစီးရန် အနည်းငယ်အခက်အခဲ ကြုံတွေ့ရတတ်ပေသည်။ စိုက်ပျိုးနိုင်သော မြေနေရာများရှိပြီး ဝင်ငွေကောင်းမွန်သော စိုက်ပျိုးရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရန် နည်းပညာများနှင့် ဈေးကွက်ဖော်ဆောင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာအစိုးရဌာနများနှင့် ပြည်သူတို့ပူးပေါင်း ဆောင်ရွက်သင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကျောင်းဆိုင်ရာလုပ်ငန်းများဖန်တီးပေးရေး**

ညောင်ခုံကျေးရွာတွင် လူငယ်အချို့အား ၎င်းတို့ဘဝတိုးတက်ရာ အာမခံချက်ပေးနိုင်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အတတ်ပညာများရရှိအောင် ချိတ်ဆက်ကူညီဆောင်ရွက်မှုများ ပြုလုပ်သင့်ပေသည်။

**၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ**

စီမံချက်များသည် အကောင်အထည်ဖော်မည့်ဗျူဟာများကို လုပ်ငန်းဆောင်ရွက်မှုများအဖြစ် သဘောထားနားလည်နိုင်စေမည့် ဖော်ထုတ်ထားချက်များဖြစ်သည်။ ထို့ကြောင့်စီမံချက်များသည် (၅)နှစ်တာစီမံချက်ကာလအတွင်းချမှတ်ထားသော ပန်းတိုင်များသို့ရောက်ရှိရန် ပါဝင်ပေးမည့် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်မှုဆိုင်ရာ အဓိကသော့ချက်များဖြစ်သည်။

**(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်**

ကျေးရွာလူထုက (၅)နှစ်တာစီမံချက်ကာလအတွက် ပြင်ဆင်ပြုစုကြသည့်ကာလက ဖော်ထုတ် ဦးစားပေးတန်းစီခဲ့ကြသည့် စီမံချက်များသည် မည်သို့မျှပြည့်စုံမှုမရှိနိုင်ပါ။ ဤသည်မှာ ကျေးရွာ လူထုသည်(၂)နှစ်၊ (၃)နှစ်တာကာလစီမံချက်များအတွက် မျှော်မှန်းရေးဆွဲထားနိုင်ကြ သော်လည်း (၅)နှစ်တာကာလတစ်လျှောက်လုံးတွင် နောက်ထပ်ဆောင်ရွက်မည့် ဦးစားပေးလုပ်ငန်း

များကိုလည်း ဖော်ထုတ်သွားကြပါသည်။ သို့ပါသောကြောင့် ရေးဆွဲထားသည့် (၅)နှစ်တာစီမံချက်သည် ပြင်းထန်သော သဘာဝဘေးအန္တရာယ်ကဲ့သို့ ထိခိုက်စရာများမပေါ်ပေါက်ပါက အနည်းနှင့်အများဆိုသလို ပြောင်းလဲမှုမရှိနိုင်ပဲ နောက်ထပ်တိုးလာမည့် လုပ်ငန်းစီမံချက်များသာ ပါဝင်လာနိုင်ပါမည်။ ထို့ကြောင့် (၅)နှစ်တာကာလ ကျေးရွာဖွံ့ဖြိုးရေးစီမံချက်၏ ဗျူဟာမြောက်မှုဘောင်အတွင်း နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ဆောင်ရွက်သွားကြပါမည်။

**(ခ)　　ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ စီမံချက်ကို အုပ်စုခွဲခြားခြင်း**

စီမံကိန်း၊ စီမံချက်များကို စိစစ်စိတ်ဖြာနိုင်ရန် လုပ်ငန်းရပ်ဆိုင်ရာနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံပြီး အုပ်စုခွဲခြားပါသည်။ လုပ်ငန်းကဏ္ဍကို အခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းဖြင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် သက်ဆိုင်ရာလုပ်ငန်းများအလိုက် ဆောင်ရွက်ဖွယ်ရာများကို သိရှိနားလည်စေနိုင်သည်။ ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ကို အကဲဖြတ်ရာတွင် စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့် အကျိုးသက်ရောက်မှုဆိုင်ရာ ငွေလုံးငွေရင်းအသုံးစရိတ်နှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူသားချင်းဆိုင်ရာထောက်ပံ့မှုတို့ကို ခွဲခြားသိရှိစေရန် အထောက်အကူပြုသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း၊ ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ ကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက် ဖော်ထုတ်ထားသော လုပ်ငန်းကဏ္ဍအပိုင်းအခြားများကို သိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းတွင်

- ™　သာမန်အသုံးစရိတ်
- ™　ငွေလုံးငွေရင်းအသုံးစရိတ်
- ™　စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- ™　လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ ပါဝင်ပါသည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက်ဦးစားပေးအစီအစဉ်များကို ပူးတွဲပါဇယားဖြင့် ဖော်ပြထားပါသည်။ ကျေးရွာလူထုသည် နှစ်သက်ရာ အမှတ်ပေးအဆင့်ခွဲခြားခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင် စီမံချက်များ၏ဦးစားပေးအစီအစဉ်များကို ဖော်ထုတ်ထားပါသည်။

| စဉ် | ကဏ္ဍ | ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း | ရမှတ် | ဦးစားပေးအဆင့် |
|---|---|---|---|---|
| ၁ | အဆောက်အဦ | ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ၁၀၀ | ၁ |
| ၂ | မီးလင်းရေး | ရေအားလျှပ်စစ်မီးလင်းရေး | ၉၈ | ၂ |
| ၃ | လုံခြုံရေး | မီးသတ်ကားဝယ်ယူရေး | ၈၇ | ၃ |
| ၄ | အဆောက်အဦ | ခန်းမဆောင်ဆောက်လုပ်ရေး | ၈၀ | ၄ |
| ၅ | ကျန်းမာရေး | အရေးပေါ်လူနာတင်ယာဉ်ရရှိရေး | ၇၃ | ၅ |
| ၆ | စိုက်ပျိုးရေး | စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာရရှိရေး | ၆၉ | ၆ |
| ၇ | အသက်မွေးဝမ်းကျောင်း | စက်ချုပ်သင်တန်းဖွင့်လှစ်နိုင်ရေး | ၆၈ | ၇ |
| ၈ | လူငယ်ဖွံ့ဖြိုးရေး | အားကစားကွင်းပြင်ဆင်ခြင်း | ၆၆ | ၈ |
| ၉ | စိုက်ပျိုးရေး | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | ၆၅ | ၉ |
| ၁၀ | အဆောက်အဦ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၆၄ | ၁၀ |
| ၁၁ | မွေးမြူရေး | မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | ၆၂ | ၁၁ |
| ၁၂ | ပညာရေး | မူကြိုကျောင်းဆောက်လုပ်နိုင်ရေး | ၆၁ | ၁၂ |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး စီမံချက် ရေးဆွဲရာတွင် ထည့်သွင်းပေးမည်။

| စီမံချက် | | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | ၁ | ✓ | | | | |
| ၂ | ရေအားလျှပ်စစ်မီးလင်းရေး | ၂ | ✓ | | | | |
| ၃ | မီးသတ်ကားရရှိရေး | ၃ | | ✓ | | | |
| ၄ | ခန်းမဆောင်တည်ဆောက်ခြင်း | ၄ | | ✓ | | | |
| ၅ | လူနာတင်ကားရရှိရေး | ၅ | | ✓ | | | |
| ၆ | စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာရရှိရေး | ၆ | | | ✓ | | |
| ၇ | စက်ချုပ်သင်တန်းဖွင့်လှစ်နိုင်ရေး | ၇ | | | ✓ | | |
| ၈ | အားကစားကွင်းပြင်ဆင်ခြင်း | ၈ | | | ✓ | | |
| ၉ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | ၉ | | | | ✓ | |
| ၁၀ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ၁၀ | | | | ✓ | |
| ၁၁ | မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | ၁၁ | | | | ✓ | |
| ၁၂ | မှုကြိုကျောင်းဆောက်လုပ်နိုင်ရေး | ၁၂ | | | | | ✓ |

## ၉။ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative) ကိုးကားရန် ပမာဏသာ ဖြစ်ပါသည်။ အမှန်တကယ် လိုအပ်သော ဘတ်ဂျက်ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည် ဖြစ်ပါသည်။ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် တချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများထံမှ ဘတ်ဂျက်အပါအဝင် စီမံချက် ပြုစုရေးဆွဲရေး အကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။ ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သော ထည့်ဝင်မှု၊ ဥပမာ လုပ်အား၊သဲ၊ကျောက် ပစ္စည်း ကိရိယာ၊အချိန် စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရ အုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန်အသုံးစရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်း | | | ✓ | | |
| ၂ | ရေအားလျှပ်စစ်မီးလင်းရေး | | | ✓ | | |
| ၃ | မီးသတ်ကားရရှိရေး | | | ✓ | | |
| ၄ | ခန်းမဆောင်တည်ဆောက်ခြင်း | | | ✓ | | |
| ၅ | လူနာတင်ကားရရှိရေး | | | ✓ | | |
| ၆ | စိုက်ပျိုးရေးလုပ်ငန်းသုံးစက်ကိရိယာ ရရှိရေး | | | | ✓ | |
| ၇ | စက်ချုပ်သင်တန်းဖွင့်လှစ်နိုင်ရေး | | | | ✓ | |
| ၈ | အားကစားကွင်းပြင်ဆင်ခြင်း | | | ✓ | | |
| ၉ | စိုက်ပျိုးရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | | | | ✓ | |
| ၁၀ | ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | | | ✓ | | |
| ၁၁ | မွေးမြူရေးနည်းပညာပေးသင်တန်းဖွင့်လှစ်နိုင်ရေး | | | | ✓ | |
| ၁၂ | မူကြိုကျောင်းဆောက်လုပ်နိုင်ရေး | | | ✓ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်အထည်ဖော်မည် ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏ တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့်စီမံခန့်ခွဲရေးတာဝန်ကို အဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအား တာဝန်များ ခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်း များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ ပညာရေးအရည်အသွေး ကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည် ဖော်ရာ တွင်ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင် မတတ် နိုင်သော အကူအညီ များ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်း ပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေး ဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်း ဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့ကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြု လမ်းအဆင့် မြှင့်တင်ရန် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီး ဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာ ဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများ ရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစား ဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့် ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာ အမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်
- ကန်ထရိုက်များစိုက်ပျိုးရေး၊မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့်

စီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးသည့် အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ် ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသော အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များနှင့်ငွေကြေးဆိုင်ရာ အစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုရန်ကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်း သွားလာသယ်ယူမည့် ပစ္စည်းများ၏ ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာ ကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်း စသည်ဖြင့် ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ် လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသတ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှု အခြေအနေများအား စနစ်တကျ ကြီးကြပ်စစ်ဆေး အကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေး အကဲဖြတ်သည့် လုပ်ငန်းကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သော နည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြီးကြပ်

စစ်ဆေး သုံးသပ်ရာတွင် ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းနှင့်အညီ တည်ဆောက်ပါမည်။

**(က) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်၏လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (Physical Progress) နှင့်ငွေကြေးဆိုင်ရာတိုးတက်မှု(Financial Progress)တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၎င်းစစ်ဆေးခြင်းကို သုံးလပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာ ကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ ကော်မတီအသီးသီးသည် မိမိတို့၏ စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံ သတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကို တိုင်းတာမည့် အညွှန်းကိန်း(Indicator)များဖြစ်ပါမည်။ သုံးလပတ်ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှု အစီရင်ခံစာ (Monitoring Report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှု ကော်မတီမှ ဦးဆောင်ပါမည်။ သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်–

(က) **လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical Progress)**

– စီမံကိန်းလုပ်ငန်းများ လုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ

–အကောင်အထည်ဖော်ရာတွင်ကြုံတွေ့ရသော အခက်အခဲ အဟန့်အတားများနှင့်ပြုပြင်သင့်သော အဆိုပြုချက်များ၊

–ပြုပြင်ပြောင်းလဲဆောင်ရွက်ရန်လိုအပ်သော ဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

( ခ) **ငွေကြေးဆိုင်ရာတိုးတက်မှု(Financial Progress)**

–ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု(မူလလျာထားချက်နှင့်နှိုင်းယှဉ်၍)

–သုံးလပတ်ကုန်တွင် ရှိသော ငွေသားနှင့်အခြားပစ္စည်းလက်ကျန်၊

-ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအမြစ်များ စုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊

- ငွေကြေးစုဆောင်းပြင်ဆင်မှု တိုးတက်ရန် အဆိုပြုနည်းလမ်းများ၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီသည် သုံးလပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာ

အစီရင်ခံစာသည် စာမျက်နှာ(၂)မျက်နှာ၊(၃)မျက်နှာခန့်ပါဝင်၍ အနှစ်ချုပ်ကို ပြုစုပြီး သက်ဆိုင်ရာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့်သက်ဆိုင်ရာဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။

## ( ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ် အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ် ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ် အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည် သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့ ဆောင်ရွက်သော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှု အခြေအနေများကို အောက်ပါအဖွဲ့အစည်း/ ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ ကျေးရွာကဖိတ်ကြား အသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့် အဖွဲ့အစည်းများမှာ–

-ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)၊ သတင်းမီဒီယာများ၊ ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များ ရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## (ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ်အစကနဦးကာလတွင်အချိန်ပိုင်းအလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့အစည်းများထံမှလိုအပ်မည်ဖြစ်သည်။

နောက်ဆက်တွဲ(၁)

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

### (က) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • သဘာဝအရင်းအမြစ်များ | သဘာဝအရင်းအမြစ်များတွင် လယ်မြေများသည် မြေပြန့်ဖြစ်ပြီး မြေဆီသြဇာ အတော်အသသင့် ကောင်းမွန်သည်။ တောင်သူများလည်း လယ်ယာထွက်ကုန်များကို အလွယ်တကူ သယ်ယူပို့ဆောင်ပြီး ရောင်းချနိုင်သည်။ စပါး၊နှမ်း၊ ငှက်ပျော ၊ကွမ်း နှင့် သရက်တို့ကို အဓိကစိုက်ပျိုးကြပြီး၊ မမြဆည်မှ တစ်နှစ် ပတ်လုံး ဆည်ရေ ရရှိနိုင်ကြခြင်းသည် သီးနှံ စိုက်ပျိုးမှုအား လွန်စွာအထောက်အကူ ဖြစ်စေပေသည်။ |
| • နေရာတည်ရှိမှုနှင့် ပထဝီဆိုင်ရာ အားသာချက် | ညောင်ခုံကျေးရွာသည် ပထဝီဝင်အနေအထားအရ တောင်ရိုးဒေသတွင် တည်ရှိပြီး၊ ဟင်္သာတခရိုင်၊ မြန်အောင်မြို့နယ်၊ နှင့် ပုသိမ်-မုံရွာကားလမ်းမကြီး၏တောင်ဘက်(၂)မိုင်ခန့်တွင် တည်ရှိပါသည်။ |
| • ရပ်ရွာတည်ငြိမ်အေးချမ်းမှု | ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ |
| • ပြင်ပအဖွဲ့အစည်းများ | ကျေးရွာအတွင်း ဖွဲ့စည်းထားသောလူထုအခြေပြု အဖွဲ့အစည်းများ အတော်အသင့်ရှိပြီး၊အဖွဲ့များ၏။ လုပ်ငန်းလည်ပတ်မှုမှာ ကောင်းမွန်ကြပေသည်။ အစိုးရဌာနများနှင့် အချိတ်အဆက်အားကောင်းမှုရှိပြီး၊ ထို အထောက်အပံ့များသည် ကျေးရွာအတွက် လယ်ယာလုပ်ငန်းလုပ်ကိုင်ဆိုင်ရွက်မှုနှင့် အခြားသေးစားလုပ်ငန်းများလုပ်ကိုင် ဆောင်ရွက်ရန် လွန်စွာအထောက်အပံ့ကောင်း များဖြစ်စေပါသည်။ |
| • ဆက်သွယ်ရေး | ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်မျှသာ ကောင်းမွန်ပြီး အခြားသတင်း အချက်အလက် များအတွက် |

| အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| | ချိတ်ဆက် အသုံးပြုနိုင်သည်။ |
| • ကျန်းမာရေးအဆောက်အအုံနှင့် ဝန်ဆောင်မှုများ | ကျန်းမာရေးအခြေအနေမှာ ယေဘုယျအားဖြင့် ကောင်းမွန်ပြီး ကျန်းမာရေးပံ့ပိုးပစ္စည်းများနှင့် ဝန်ဆောင်မှုများသို့လည်း အလွယ်တကူ လက်လှမ်းမှီနိုင်ကြသည်။ ကျေးရွာသားများအနေဖြင့် စိုးရိမ်ရသောဆေးဝါးကုသလိုမှုအတွက်လည်း အင်ပင်တိုက်နယ်ဆေးရုံ၊ ထူးကြီး တိုက်နယ်ဆေးရုံနှင့် ဘက်ရဲတိုက်နယ် ဆေးရုံများသို့ သွားရောက်ပြီး ဆေးကုသမှုများ ခံယူနိုင်ကြသည်။ |
| • ကျေးရွာလျှပ်စစ်မီး | ကျေးရွာတွင် လျှပ်စစ်မီးကို အသုံးမပြုနိုင်သေးပေ။ မမြဆည်မှ ရေအားလျှပ်စစ်ဖြင့် ဝက်ဘာကျေးရွာ မီးလင်းနိုင်မှသာ လျှပ်စစ်မီး ချိတ်ဆက်အသုံးပြုနိုင်မည်ဖြစ်ပါသည်။ |

## ( ခ) အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှု များ

| အဟန့်အတားများ၊ စိန်ခေါ်မှုများ | ရှင်းလင်းဖော်ပြချက် |
|---|---|
| • ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှု | ကျေးရွာအနေအထားအရ ၊ ယေဘုယျအားဖြင့်အဟန့် အတား စိန်ခေါ်မှု အများအပြား မတွေ့ရှိရပေ။ သို့သော်ကျေးရွာတွင် ကျေးရွာအခြေပြုအဖွဲ့အစည်းများရှိပြီး၊ အဖွဲ့များကြားတွင်အားပြိုင်မှု အချို့ရှိနေကြောင်း တွေ့ရှိရသည်။ ပူးပေါင်းပါဝင် ဆောင်ရွက်မှုရှိသော်လည်း ခေါင်းဆောင်မှုအပိုင်းနှင့် ညှိနှိုင်းဆောင်ရွက်မှုအပိုင်းတွင် စနစ်ကျမှု အနည်းငယ် အားနည်းကြောင်း တွေ့ရှိရသည်။ |
| • သဘာဝအရင်းအမြစ်ထုတ်ယူသုံးစွဲမှု ကန့်သတ်ချက်များ | စိုက်ပျိုးမြေတိုးချဲ့နိုင်မှုနှင့် ပတ်သက်ပြီး မြေလွတ် မြေရိုင်းများ ထပ်မံ မတိုးချဲ့ နိုင်တော့ ပဲ လက်ရှိမြေပေါ်တွင် ထုတ်လုပ်မှု တိုးမြှင့်ရန်ဆောင်ရွက်ကြသည်။ |
| • ကျန်းမာရေးဝန်ဆောင်မှု | ကျေးလက်ကျန်းမာရေးဌာနနှင့် ရှိသောလည်း အရေးပေါ်ကိစ္စရပ်များတွင်အခြားဒေသသို့(အင်ပင်တိုက်နယ် ဆေးရုံ၊ ထူးကြီး တိုက်နယ်ဆေးရုံနှင့် ဖရဲဆေးရုံများ သို့) သွားရောက် ကုသရသဖြင့် အချိန်ကြာမြင့်မှု ရှိပေသည်။ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ**

(၁) ကျေးရွာ လူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား(၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ်အောက် | နို့စို့အရွယ် | ၅ | ၁ | ၆ |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၇ | ၁၈ | ၃၅ |
| ၅ နှစ် မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၂၄ | ၂၁ | ၄၅ |
| ၁၀ နှစ် မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၃၆ | ၃၀ | ၆၆ |
| ၁၅ နှစ် မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၂၉၀ | ၂၉၄ | ၅၈၄ |
| ၆၅ နှစ်နှင့်အထက် | သက်ကြီးရွယ်ကြီး | ၂၃ | ၂၇ | ၅၀ |
| **စုစုပေါင်း** | | **၃၉၅** | **၃၉၁** | **၇၈၆** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၀၆** | | |

ရင်းမြစ်…(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊(၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် နို့စို့အရွယ် ကျား(၅)ဦး၊ မ(၁)ဦး၊ (၅)နှစ်အောက်ကလေးငယ် ကျား(၁၇)ဦး၊ မ(၁၈)ဦး၊မူလတန်းကျောင်းသားအရွယ် ကျား(၂၄)ဦး၊မ(၂၁)ဦး၊ အလယ်တန်းကျောင်းသား အရွယ် ကျား(၃၆)ဦး၊ မ(၃၀)ဦး၊ အလုပ်လုပ်နိုင်သည့်အရွယ် ကျား(၂၉၀)ဦး၊မ(၂၉၄)ဦး၊သက်ကြီးရွယ်ကြီး ကျား(၂၃)ဦး၊မ(၂၇)ဦး ရှိပြီး ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်အရွယ်သည် ကျေးရွာရှိ လူဦးရေအားလုံး၏ (၇၄ %) ရှိပြီး အမျိုးသားမှာ အမျိုးသမီးအရေအတွက်ထက် (၁.၂၇ %) ပိုများသဖြင့် အမျိုးသားများ လုပ်ကိုင်နိုင်သည့် အလုပ်များပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များ ဖန်တီးပေးနိုင်ပါက လူ့စွမ်းအား အရင်းအမြစ်ကို ထိရောက်စွာ အသုံးချနိုင်ပါသည်။

### (၂) သဘာဝအရင်းအမြစ်နှင့်ရာသီဥတုအခြေအနေ

### (၂-၁) ကျေးရွာ၏ မြေပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်များ

ဇယား(၂) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှုနှင့်ရေအရင်းအမြစ်အခြေအနေ

| မြေ အမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့ | ရေရရှိမှု (ရ/မရ/ အနည်း အကျဉ်း) | ရရှိနိုင်သောရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်) |
|---|---|---|---|---|
| လယ်မြေ | ၃၀၄ | သင့် | ရ | ဆည်ရေ |
| ယာမြေ | ၁၉၉ | သင့် | မရ | |
| ဥယျာဉ်ခြံမြေ | ၈ | သင့် | ရ | မြေအောက်ရေ |
| အိမ်ခြံဝန်း စိုက်ခင်း | | | | |
| ကိုင်း/ကျွန်းမြေ | ၈၅ | သင့် | ရ | မြေအောက်ရေ |
| စားကျက်မြေ | | | | |
| ပလပ်မြေ | | | | |
| သစ်တောမြေ | | | | |
| **စုစုပေါင်း** | **၅၉၅** | | | |

ရင်းမြစ်...ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊

မှတ်ချက်။ ။ရေရရှိသည့် အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လယ်မြေ(၃၀၄)ဧက၊ ယာမြေ(၁၉၉)ဧက၊ ဥယျာဉ်ခြံမြေ (၈)ဧက၊ ကိုင်း/ကျွန်းမြေ(၈၅)ဧက၊ စုစုပေါင်း(၅၉၅)ဧက ရှိပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ရှိပါသည်။ ဆည်ရေ၊မြေအောက်ရေတို့မှ ရေသွင်းဧရိယာ ရရှိပါသည်။

**(၂-၂) ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ**

ဇယား(၃) ဓါတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)** | **အသုံးပြုနိုင်မှု (လွယ်/ခက်/လက်လှမ်းမမှီ)** |
|---|---|---|
| ကာဗွန်(ဓါတ်ငွေ့/ရေနံ) | မရှိ | ခက် |
| ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ကျောက်မီးသွေး၊သဲ)စသည့် | သင့် | လွယ် |
| အခြားသဘာဝအရင်းအမြစ် | | |
| တိရိစ္ဆာန်မျိုးစိတ်များ | မရှိ | မရှိ |
| အပင်မျိုးစိတ်များ (လူ၊တိရိစ္ဆာန်တို့အတွက် အသုံးဝင်သော) | သင့် | လွယ် |
| ပှျမ်းမျှအပူချိန် | ပျှမ်းမျှမိုးရေချိန်- | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင် ကျောက်၊ သဲ အသင့်အတင့်ထွက်ရှိပြီး ကျေးရွာအနီးပတ်ဝန်းကျင်တွင် ရရှိနိုင်ပါသည်။ အပင်မျိုးစိတ်များ အသင့်အတင့် ရှိပြီး လက်လှမ်းမှီမှု လွယ်ကူပါသည်။

## (၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား(၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်) | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။) | အဖွဲ့အစည်း၏စွမ်းဆောင်ရည်အခြေအနေ (သို့)ခိုင်မာတောင့်တင်းမှုဆိုင်ရာရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|
| ၁ | ကျောင်းဂေါပကအဖွဲ့ | ၁ ☐၂☐၃✔ | ပညာရေး ☐ ငွေကြေး ☐<br>ကျန်းမာရေး☐ ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ဘုန်းတော်ကြီးကျောင်းများ၏ဝေယျာဝစ္စကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်း |
| ၂ | အရှုံချင်း၊ နှစ်ချင်းအသင်း တော်ကော်မတီ | ၁☐၂ ☐၃✔ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | အသင်းတော်၏ဝေယျာဝစ္စကိစ္စများကိုစိတ်အားတက်ကြွစွာတနင်္ဂနွေနေ့များတွင် ပါဝင်ဆောင်ရွက်ခြင်း |
| ၃ | သတ္တမနေ့ အသင်းတော် ကော်မတီ | ၁ ၂ ၃ ✔ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး ✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | စနေနေ့တိုင်းဘုရားကျောင်းတက်ရန် လှုံ့ဆောင်ရာတွင် ကော်မတီမှတက်ကြွစွာလှုံ့ဆော်ခြင်း |
| ၄ | (RC) ရိုမန်ကက်သလစ်အသင်း တော်ကော်မတီ | ၁ ၂ ၃ ✔ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ဘာသာရေး✔<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ | ရိုမန်ကက်သလစ်အသင်းတော်မှာလူဦးရေနည်းပါးပြီးလုပ်ဆောင်ချက်မှာအသင့်အသင့်အတင့်ရှိပါသည် |
| ၅ | အရံမီးသတ် တပ်ဖွဲ့ | ၁ ၂✔ ၃ | ပညာရေး ☐ ငွေကြေး☐<br>ကျန်းမာရေး☐ ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး✔ | မီးဘေးကြိုတင်ကာကွယ်<br>ရေးများလုပ်ဆောင်ပါသည်။ |

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း–ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီး အုပ်စု။

**အုပ်စုအမျိုးအစား**

(၁) စီးပွားရေးအခြေခံသောအုပ်စု-လယ်သမားအဖွဲ့၊ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့- ဥပမာ-အမျိုးသမီးအဖွဲ့၊လူငယ်အဖွဲ့၊ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဥ်ကျေးမှုအဖွဲ့။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင် ကျောင်းဂေါပကအဖွဲ့၊ အရှိုချင်းအဖွဲ့၊ သတ္တမနေ့ အသင်းတော်ကော်မတီ(RC) ၊ရိုမန်ကက်သလစ် အသင်းတော် ကော်မတီအဖွဲ့၊ အရံမီးသတ်တပ်ဖွဲ့များရှိပါသည်။ အများစုမှာလူမှုရေးအဖွဲ့များ၊ ဘာသာရေးအဖွဲ့များ ဖြစ်ကြပါသည်။ အဖွဲ့အစည်းမှာစည်းလုံးညီညွတ်စွာ ဝိုင်းဝန်းလုပ်ဆောင်ကြပါသည်။

**(၄) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ**

**(၄-၁) ဥစ္စာဓနအဆင့် အခြေအနေ**

**ဇယား(၅) ဥစ္စာဓနအဆင့် အခြေအနေ**

| **အကြောင်းအရာ** | **သတ်မှတ်စံနှုန်း** | | | |
|---|---|---|---|---|
| | **အဆင်ပြေသော<br>အိမ်ထောင်စု** | **အလယ်အလတ်ရှိသောအိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန်မပြေလည်သောအိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | ၅ကေ-၁၀ကေ | ၅ ကေ | ၁ ကေ-၂ ကေ | - |
| အိမ်အခြေအနေ | တိုက်အိမ် | ပျဥ်ထောင် | ဝါးထရံကာ | အင်ဖက်မိုး၊ အင်ဖက်ကာ |
| ကုန်ထုတ်လုပ်မှုနှင့်ဆိုင်သောပိုင်ဆိုင်မှု | | | | |
| အဓိကစီးပွားရေးလုပ်ငန်း | ကုန်စုံဆိုင် | ကုန်စုံဆိုင် | | |
| **အိမ်ထောင်စု-၂၀၆** | ၁၇ | ၂၂ | ၄၂ | ၁၂၅ |

ရင်းမြစ်…(၁)ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၁၇)အိမ်၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၂) အိမ်၊ မပြေလည်သော အိမ်ထောင်စု (၄၂)အိမ်၊ အလွန်မပြေလည်သော အိမ်ထောင်စု(၁၂၅)အိမ် ၊စုစုပေါင်း(၂၀၆) အိမ် ရှိပါသည်။

## (၄-၂) သီးနှံထုတ်လုပ်ရေး

### (၄-၂-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား(၆) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်စု % | ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၁၃၀ | ၆၃ % | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက်(၁ ဟတ်တာထိ) | ၁၇ | ၈ % | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား (၂ ဟတ်တာထိ) | ၄၃ | ၂၁% | တောင်သူငယ် |
| ၄ | ၅ ကေ မှ ၁၂.၅ ကေ ကြား (၅ ဟတ်တာထိ) | ၁၆ | ၈ % | အလယ်အလတ် တောင်သူ |
| ၅ | ၁၂.၅ ကေ အထက် (၅ ဟတ်တာနှင့်အထက်) | | | တောင်သူကြီး |
| **ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း** | | ၂၀၆ | | |

ရင်းမြစ်...(၁)အိမ်ထောင်စုစာရင်းကောက်ယူမှု ၊(၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊(၄)ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။** ။ကျေးရွာတွင် မြေယာမဲ့အိမ်ခြေ (၁၃၀) ရှိပြီး၊ (၆၃ % )၊ ၂.၅ ကေအောက် (၁၇) အိမ်ရှိပြီး (၈ %)၊ ၂.၅ ကေမှ ၅ ထိမှာ (၄၃ )ရှိပြီး (၂၁ %)၊ ၅ ကေမှ ၁၂.၅ ကေကြားမှာ (၁၆)ရှိပြီး (၈ %) ရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စု စုစုပေါင်းမှာ (၂၀၆) အိမ်ထောင်ရှိပါသည်။

**(၄.၂.၂) အဓိကသီးနှံများနှင့်အထွက်နှုန်း**

ဇယား(၇) အဓိကသီးနှံများနှင့်အထွက်နှုန်း

| **သီးနှံ** | **စုစုပေါင်းစိုက်ဧက** | **တစ်ဧကအထွက်နှုန်း** | | | | **အကျိုးအမြတ်ရရှိမှု(နည်း၊ သင့်၊များ) ရှင်းလင်းဖော်ပြချက်** |
|---|---|---|---|---|---|---|
| | | **ယူနစ်** | **အနည်းဆုံး** | **အများဆုံး** | **ပျမ်းမျှ** | |
| စပါး | ၃၀၄ | | ၅၀ | ၈၀ | ၇၀ | စပါးဈေးကောင်းလျှင်အကျိုးအမြတ်များပြီးမကောင်းလျှင်သင့်ပါသည်။ |
| မတ်ပဲ | ၂၅၀ | | ၁၀ | ၁၅ | ၁၂ | မတ်ပဲဈေးကောင်းလျှင် အကျိုးအမြတ်များပြီးမကောင်းလျှင်နည်းပါသည်။ |
| မြေပဲ | ၈၅ | | ၁၅ | ၂၅ | ၂၀ | သင့် |
| ပဲတီစိမ်း | ၁၀၀ | | ၅ | ၁၀ | ၇ | သင့် |
| နှမ်း | ၂၀ | | ၁ | ၃ | ၂ | သင့် |
| ပဲစင်းငုံ | ၂၀ | | ၁၀ | ၂၀ | ၁၅ | သင့်/ဈေးမကောင်း |

ရင်းမြစ်…(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း–လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စုစုပေါင်း စပါး(၃၀၄)ဧကရှိပြီးအများဆုံး (၈၀) တင်း၊ အနည်းဆုံး(၅၀)တင်း၊ပျှမ်းမျှ (၇၀)တင်းထွက်ရှိပြီး၊စပါး ဈေးကောင်းလျှင် အကျိုးအမြတ်များပါသည်။စုစုပေါင်း မတ်ပဲ(၂၅၀) ဧက ၊အများဆုံး (၁၅)တင်း၊အနည်းဆုံး(၁၀)တင်း ၊ပျမ်းမျှ(၁၂) တင်း ထွက်ရှိပြီး၊ဈေးကွက်မရှိသည့် အတွက် အကျိုးအမြတ်ရရှိမှု နည်းပါသည်။စုစုပေါင်း မြေပဲ (၈၅)ဧက ရှိပြီး၊အများဆုံး (၂၅)တင်း၊အနည်းဆုံး (၁၅)တင်း၊ပျမ်းမျှ (၂၀) တင်း ထွက်ရှိပြီး ၊အကျိုးအမြတ်ရရှိမှု အသင့်အတင့် ရှိပါသည်။စုစုပေါင်း နှမ်းဧက (၂၀)ရှိပြီး၊အများဆုံး (၃)တင်း၊ အနည်းဆုံး(၁)တင်း၊ပျမ်းမျှ (၂)တင်းထွက်ရှိပြီး အကျိုးအမြတ်ရရှိမှု အသင့်အတင့် ရှိပါသည်။ စုစုပေါင်း ပဲစင်းငုံ (၂၀)ဧက ရှိပြီး၊အများဆုံး (၂၀)တင်း၊အနည်းဆုံး (၁၀)တင်း ထွက်ရှိပြီး၊ အကျိုးအမြတ်ရရှိမှု အသင့်အတင့် ရှိပါသည်။

(၄-၃) မွေးမြူရေးလုပ်ငန်း

ဇယား(၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

| မွေးမြူရေးနှင့်ငါးလုပ်ငန်း | မွေးမြူရေးနှင့်ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု | ကောင်ရေ |
|---|---|---|
| **မွေးမြူရေး** | | |
| နွား | ၆၀ | ၁၅၉ |
| နို့စားနွား | | |
| ကျွဲ | ၃၂ | ၁၁၉ |
| မြင်း | ၁ | ၁ |
| မြည်း | | |
| လား | | |
| ဆိတ် | ၁ | ၃၀ |
| သိုး | | |
| ဝက် | ၇၄ | ၁၃၆ |
| ကြက် | ၁၃၅ | ၁၃၈၈ |
| ဘဲ | ၁၅ | ၉၆ |
| နွားနောက် | | |
| **ငါးလုပ်ငန်း** | | |
| ငါးကန် | | |
| ပုဇွန်ကန် | | |
| ဂဏန်းမွေးမြူရေးလုပ်ငန်း | | |
| ရေချိုငါးဖမ်းလုပ်ငန်း | | |
| ကမ်းလွန်ငါးဖမ်းလုပ်ငန်း | | |

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊(၂)ဦးတည်အုပ်စု ဆွေးနွေးခြင်း-လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ခိုင်းနွား(၆၀)ရှိပြီး လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုပါသည်။ ကျွဲ(၃၂)ရှိပြီး၊ လယ်ယာစိုက်ပျိုးရေးတွင် အသုံးပြုပါသည်။ မြင်း(၁)ကောင်ရှိပြီး၊ အလှူ အတန်းလိုက်ရန်အတွက် အသုံးပြုပါသည်။ ဆိတ်(၁)ကောင်ရှိပြီးစားသုံးရန်အတွက် အသုံးပြုပါသည်။ ဝက်(၇၄)ကောင်၊ကြက်(၁၃၅)ကောင်၊ဘဲ(၁၅)ကောင်ရှိပြီး မိသားစုဝင်ငွေရရှိနိုင်ရန်မွေးမြူကြပါသည်။

**(၄-၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ**

**ဇယား(၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ**

| စဉ် | လုပ်ငန်းများ(ထုတ်ကုန် လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ် များ ထုတ်လုပ်ခြင်း | | | | |
| ၂ | ထုတ်ကုန်လုပ်ငန်းများ | ၃ | | ၉ | လတ် |
| ၃ | လျှပ်စစ်၊ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | |
| ၄ | ဆောက်လုပ်ရေး၊လက်သမား ၊ပန်းရံလုပ်ငန်း | ၃ | ၂၀ | | မြင့် |
| ၅ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံး ပစ္စည်းများပြင်ဆင်ရေး | ၁ | ၂ | ၁ | မြင့် |
| ၆ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊သင်တန်း ပေးသူ) | ၄ | ၄ | ၄ | နိမ့် |
| ၇ | လက်လီ-လက်ကား ရောင်းဝယ်ရေး | ၉ | | ၁၂ | နိမ့် |
| ၈ | ဟိုတယ်နှင့်စားသောက်ဆိုင် လုပ်ငန်း | | | | |
| ၉ | ပို့ဆောင်ရေး၊သိုလှောင်ရေး | | | | |
| ၁၀ | ငွေချေးဝန်ဆောင်မှုလုပ်ငန်း (ဘဏ်၊ငွေချေးခြင်းလုပ်ငန်း အပါအဝင်ငွေကြေးဝန်ဆော င်မှုလုပ်ငန်း) | | | | |
| ၁၁ | အိမ်ခြံမြေရောင်းဝယ်ငှားရမ်းခြ င်းနှင့်ဆက်စပ်သော လုပ်ငန်းများ | | | | |
| ၁၂ | ပညာရေး | ၈ | ၈ | ၈ | နိမ့် |

| စဉ် | လုပ်ငန်းများ(ထုတ်ကုန် လုပ်ငန်းနှင့်ဝန်ဆောင်မှု) | လုပ်ငန်း အရေ အတွက် | ဝန်ထမ်း/ အလုပ်သမား အရေအတွက် | မိသားစု ဝင် လုပ်အား | ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)နှင့် ရှင်းလင်းဖော်ပြချက် |
|---|---|---|---|---|---|
| ၁၃ | ကျန်းမာရေး | ၃ | | ၃ | နိမ့် |
| ၁၄ | လူမှုရေးလုပ်ငန်းများ | ၁ | ၁၂ | | |
| ၁၅ | အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ(အထက်ဖော်ပြပါ လုပ်ငန်းများမှအပ)ဝါး/ထရံ | ၃ | | | နိမ့် |
| | စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၃၅ | | | | |

ရင်းမြစ်…ဦးတည်အုပ်စု ဆွေးနွေးခြင်း-ရပ်မိရပ်ဖအုပ်စု၊စိုက်ပျိုးမွေးမြူရေး မဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊လူငယ်အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ထုတ်ကုန်လုပ်ငန်းတွင် လုပ်ငန်းအရေအတွက်မှာ (၃)ခု၊ မိသားစုဝင်လုပ်အား(၉)ဦးရှိပြီး ရပ်တည်မှုအခြေအနေမှာ အလယ်အလတ်အဆင့်ရှိကြောင်း၊ ဆောက်လုပ်ရေး၊ လက်သမား/ပန်းရံလုပ်ငန်းတွင် လုပ်ငန်းအရေအတွက်(၃)ခု၊ အလုပ်သမားအဖြစ် လုပ်ကိုင်သည့် အရေအတွက်မှာ (၂၀)ရှိပြီး ရပ်တည်မှုအခြေအနေမှာ မြင့်မားကြောင်း၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး လုပ်ငန်းတွင် လုပ်ငန်းအရေအတွက် (၁)ခု၊ မိသားစုဝင်လုပ်အား(၁)ဦးရှိပြီး အလုပ်သမားအရေအတွက်မှာ (၂)ဦးရှိကြောင်း ရပ်တည်မှုအခြေအနေမှာ မြင့်မားကြောင်း၊ ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူလုပ်ငန်းတွင် လုပ်ငန်းအရေအတွက်(၄)ခု၊ မိသားစုဝင်လုပ်အား (၄)ဦးရှိပြီး အလုပ်သမားအဖြစ် လုပ်ကိုင်သည့် အရေအတွက်မှာ (၄)ဦးရှိပြီး ရပ်တည်မှုအခြေအနေမှာ နည်းပါးကြောင်း၊ ပညာရေးတွင် ဝန်ထမ်းအရေအတွက်မှာ (၈)ခု ၊ မိသားစုဝင်လုပ်အား (၈)ဦးရှိပြီး ရပ်တည်မှုအခြေအနေမှာ နည်းပါးကြောင်း၊ ကျန်းမာရေးတွင် လုပ်ငန်း အရေအတွက်မှာ (၃)ခု ၊ မိသားစုဝင်လုပ်အား (၃)ဦးရှိပြီး ရပ်တည်မှု အခြေအနေမှာ နည်းပါး ကြောင်း တွေ့ရှိရပါသည်။

**(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ**

(၅-၁) ဈေး

ဇယား(၁၀) ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

| ဈေးကွက်လက်လှမ်းမီမှု | အနီးဆုံးဈေး (အနီးဆုံး <u>တစ်ခုကိုသာ</u>ဖော်ပြရန်) | အကြီးစားဈေးကွက် (အဓိက<u>တစ်ခုကိုသာ</u>ဖော်ပြပါရန်) |
|---|---|---|
| ဈေးအမည်(မြို့/ရွာ) | မှျင်ဝါးတောင်ဈေး | မြန်အောင်မြို့မဈေး |
| ရွာမှအကွာအဝေး(မိုင်) (အနီးစပ်ဆုံးတစ်ခုကို ခန့်မှန်းပြီးရွေးချယ်ရန်) | ၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ✔<br>၅ မှ ၁၀ မိုင် ☐ ၁၀ မှ ၁၅ မိုင် ☐<br>၁၅ မိုင်အထက် ☐ | ၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ✔<br>၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐<br>၅၁မှ ၁၀၀ ☐<br>၁၀၀ မိုင်အထက် ☐ |
| သယ်ယူပို့ဆောင်ရေး နည်းလမ်း | ခြေလျင် ☐ စက်ဘီး ✔ ဆိုင်ကယ် ✔<br>ကား/ထော်လာဂျီ ☐ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ | ခြေလျင် ☐ စက်ဘီး ✔ ဆိုင်ကယ ✔<br>ကား/ထော်လာဂျီ ✔ ရထား ☐<br>သုံးဘီးဆိုင်ကယ် ☐ လှေ ☐<br>စက်လှေ ☐ |

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း–ရပ်မိရပ်ဖ အုပ်စု၊လယ်သမား အုပ်စု၊အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာမှ(၂)မိုင်ခန့် အကွာတွင် မျှင်ဝါးတောင်ဈေးရှိပြီး၊ စက်ဘီး၊ ဆိုင်ကယ်များဖြင့် သွားလာနိုင်ပါသည်။ မျှင်ဝါးတောင်ဈေးတွင် အိမ်ဆောက်ပစ္စည်းများ အစား အစာနှင့် လူသုံးကုန်ပစ္စည်းများကို ဝယ်ယူရရှိနိုင်ပါသည်။ မြန်အောင်မြို့မဈေးတွင် စက်ကိရိယာများနှင့် လုပ်ငန်းသုံးပစ္စည်းများကို စုံလင်စွာရရှိပါသည်။ စက်ဘီး၊ဆိုင်ကယ်၊ ကား/ ထော်လာဂျီ တို့ဖြင့် သွားရောက်ရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

### (၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေး အခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

| လမ်း အမျိုးအစား | အမျိုး အစား | အရည်အသွေး | ရာသီအလိုက် သုံးစွဲနိုင်မှု | လမ်းအရှည် (မိုင်) |
|---|---|---|---|---|
| ရွာတွင်းလမ်း | ၁✔ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐ သင့်☐ ညံ့ ✔ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံး✔ | ၀–၁ မိုင် ☐ ၁–၅ မိုင် ✔ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ချဉ်းကပ်လမ်း | ၁✔ ၂☐ ၃☐ ၄☐ ၅☐ | ကောင်း☐သင့်☐ ညံ့ ✔ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံးÂ | ၀–၁ မိုင် ✔ ၁–၅ မိုင် ☐ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |
| ရွာချင်းဆက်လမ်း | ၁ ✔ ၂☐ ၃☐ ၄☐ ၅ ☐ | ကောင်း☐ သင့်☐ ညံ့ ✔ | ပွင့်လင်း ရာသီ ☐ တစ်နှစ်ပတ်လုံးÂ | ၀–၁ မိုင်☐ ၁–၅ မိုင် ✔ ၅–၁၀ မိုင် ☐ ၁၀မိုင်အထက်☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ။မြေသားလမ်း – ၁၊ ကျောက်ခင်းလမ်း – ၂၊ ကျောက်ချောလမ်း – ၃၊ ကွန်ကရစ်လမ်း – ၄၊ ကတ္တရာလမ်း – ၅

**လေ့လာတွေ့ရှိချက်။** ။ ။ကျေးရွာတွင် ရွာတွင်းမြေသားလမ်းနှင့် ချဉ်းကပ်လမ်းမှာလည်း ကောင်းမွန်မှု မရှိပါ။ ရွာချင်းဆက်လမ်းမှာလည်း ပျက်စီးနေပါသည်။ ကျေးရွာရှိလမ်းများအား ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးလျှင် ကုန်စည်စီးဆင်းမှု လွယ်ကူလာပြီး ကုန်စည်ပစ္စည်း သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ် ပိုမိုသက်သာပြီး ကျေးရွာ၏ လူမှုစီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

## (၅.၃) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

| သယ်ယူပို့ဆောင်ရေး | Nearest town အကွာအဝေး (မိုင်) | ရာသီအလိုက် သုံးစွဲနိုင်မှု |
|---|---|---|
| မြစ်ကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐တစ်နှစ်ပတ်လုံး☐ |
| ပင်လယ်ရေကြောင်း | ၀ မှ ၁၀ မိုင် ☐<br>၁၁ မှ ၂၀ မိုင် ☐<br>၂၁ မှ ၅၀ မိုင် ☐<br>၅၀မိုင် အထက် ☐<br>အသုံးမပြုပါ ✔ | ပွင့်လင်းရာသီ☐<br>တစ်နှစ်ပတ်လုံး☐ |

ရင်းမြစ်… ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**မှတ်ချက်။** ၁ – လှေ၊ သမ္ဗာန်၊ ၂ – စက်လှေ၊ ၃ – သင်္ဘော။

**လေ့လာတွေ့ရှိချက်။** ။

သယ်ယူပို့ဆောင်ရေးအနေဖြင့်မြစ်ကြောင်းနှင့်ပင်လယ်ရေကြောင်းများအသုံးမပြုကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

| ယာဉ်အမျိုးအစား | လှေ၊ သမ္ဗာန် | စက်လှေ | စက်ဘီး | မော်တော်ဆိုင်ကယ် | သုံးဘီးဆိုင်ကယ် | ထော်လာဂျီ | ကား | ထွန်စက် | နွားလှည်း |
|---|---|---|---|---|---|---|---|---|---|
| အရေအတွက် | | | ၁၃၉ | ၁၅၃ | ၁ | ၁ | ၃ | ၉ | ၄၉ |

ရင်းမြစ်…အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ကျေးရွာမှ မြန်အောင်မြို့သို့ ဆိုင်ကယ်များကို အသုံးပြု၍ လိုအပ်သည့်နေရာများသို့ သွားလာကြပါသည်။

### (၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

| ရင်းမြစ် | အိမ်ထောင်စု |
| --- | --- |
| မဟာဓာတ်အားလိုင်း | |
| ဆိုလာစနစ် | ၁၁၉ |
| အသေးစားရေအားလျှပ်စစ် | |
| ဒီဇယ်သုံးအင်ဂျင် | ၂၄ |
| လေစွမ်းအင် | |
| ဇီဝလောင်စာ | |
| အမျိုးအမည်ခွဲခြား ဖော်ပြခြင်းမပြုနိုင် သော လျှပ်စစ်ဓာတ်အားပေးစနစ် | |
| လျှပ်စစ်မီး အသုံးမပြုနိုင်သော | ၁၄ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် မီးလင်းရေးအတွက် အသုံးပြုနေသော ဆိုလာစနစ်အရေအတွက်မှာ အိမ်ထောင်စု(၁၁၉)စု၊ ဒီဇယ်သုံးအင်ဂျင် အိမ်ထောင်စု(၂၄)စု၊ လျှပ်စစ်မီးအသုံးမပြုနိုင်သော အိမ်ထောင်စု မှာ (၁၄) စုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

| စဉ် | ဖုန်း | ရေဒီယို | တီဗွီ |
| --- | --- | --- | --- |
| **အရေအတွက်** | ၂၇၂ | ၇၆ | ၈၂ |

ရင်းမြစ်… အိမ်ထောင်စုစာရင်း ကောက်ယူမှု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လူတိုင်းနီးပါး ဖုန်းဝယ်ယူသုံးစွဲနိုင်ကြပါသည်။ ရေဒီယိုကို အနည်းငယ်သာ အသုံးပြုကြပြီး တီဗွီများရှိကြပြီး သတင်းများနှင့် အစီအစဉ်များအား စိတ်ဝင်တစား ကြည့်ရှုကြပါသည်။ အင်တာနက်လိုင်းမှာ အသင့်အတင့်သာ ကောင်းမွန် ပါသည်။

## (၆) ပညာရေး

### (၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

| ပညာရေးအဆင့်အတန်း | ကျား | မ | ပေါင်း |
|---|---|---|---|
| မူလတန်း | ၂၄ | ၂၂ | ၄၆ |
| အလယ်တန်း | ၂၇ | ၁၇ | ၄၄ |
| အထက်တန်း | ၁၂ | ၁၇ | ၂၉ |
| တက္ကသိုလ် /ကောလိပ် | ၆ | ၁၁ | ၁၇ |

ရင်းမြစ် … (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

**မှတ်ချက်။** ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင်**"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့်သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ပညာသင်ကြားနေသော ကျောင်းတက်နှုန်းမှာ မူလတန်းအဆင့် ကျား(၂၄)ဦး၊မ(၂၂)ဦး စုစုပေါင်း(၄၆)ဦး၊ အလယ်တန်းကျား(၂၇)ဦး၊မ(၁၇)ဦး စုစုပေါင်း(၄၄)ဦး၊ အထက် တန်း ကျား(၁၂)ဦး၊မ(၁၇)ဦး စုစုပေါင်း(၂၉)ဦးနှင့် တက္ကသိုလ်ကျား(၆)ဦး၊ မ(၁၁)ဦး၊ စုစုပေါင်း(၁၇)ဦး တို့သည် လက်ရှိ ပညာသင်ကြားနေဆဲဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

### (၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

| အကြောင်းအရာ | (၁) | (၂) | (၃) |
|---|---|---|---|
| **က။** ကျောင်းအဆင့် | မူလတန်း✔<br>မူလွန်☐<br>အလယ်တန်း(ခွဲ☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ☐<br>အထက်တန်း☐ | မူလတန်း☐<br>မူလွန်☐<br>အလယ်တန်း(ခွဲ)☐<br>အလယ်တန်း☐<br>အထက်တန်း(ခွဲ)☐<br>အထက်တန်း☐ | မူလတန်း ☐<br>မူလွန် ☐<br>အလယ်တန်း(ခွဲ) ☐<br>အလယ်တန်း ☐<br>အထက်တန်း(ခွဲ) ☐<br>အထက်တန်း ☐ |
| **ခ။** ရွာမှ အကွာအဝေး (မိုင်) | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင်☐<br>၁၅ မိုင် မှ၂၀ မိုင်☐<br>၂၀ မိုင် အထက်☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင်✔<br>၁၅ မိုင်မှ၂၀မိုင်☐<br>၂၀ မိုင်အထက်☐ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ✔<br>၁၅ မိုင် မှ ၂၀ မိုင် ☐<br>၂၀ မိုင် အထက် ☐ |
| **ဂ။** သယ်ယူပို့ဆောင်ရေး | ခြေလျင် ✔ | ခြေလျင်☐ စက်ဘီး✔ | ခြေလျင် ☐ |

| အကြောင်းအရာ | (၁) | | | (၂) | | | (၃) | | |
|---|---|---|---|---|---|---|---|---|---|
| ဝန်ဆောင်မှု | စက်ဘီး✔<br>ဆိုင်ကယ် ✔<br>ကား☐ | | | ဆိုင်ကယ်☐<br>ကား☐ | | | စက်ဘီး ✔<br>ဆိုင်ကယ် ☐<br>ကား ☐ | | |
| **ဃ။** စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်း ဧရိယာ (စတုရန်းပေ)* | ၂၀'×၃၀'<br>၆၀'×၃၀' | | | | | | | | |
| **င။** အမိုး၊ နံရံ၊ အခင်း အရည်အသွေး | ကောင်း☐ သင့်✔<br>ညံ့☐ | | | ကောင်း☐သင့်✔ညံ့☐ | | | ကောင်း☐ သင့်✔<br>ညံ့☐ | | |
| **စ။** ကျောင်းသုံး ပရိဘောဂ လုံလောက်မှု | လုံလောက်မှုရှိ☐<br>မလုံလောက်ပါ✔ | | | လုံလောက်မှုရှိသည်☐<br>မလုံလောက်ပါ✔ | | | လုံလောက်မှုရှိသည်✔<br>မလုံလောက်ပါ ☐ | | |
| **ဆ။** ကျောင်းအိမ်သာ အခြေအနေ | ကောင်း ☐ သင့် ✔<br>ညံ့☐ မရှိ☐ | | | ကောင်း☐သင့်✔<br>ညံ့☐ မရှိ ☐ | | | ကောင်းÂ သင့် ☐<br>ညံ့☐ မရှိ ☐ | | |
| **ဈ။** ကျောင်းအာဟာရ တိုက်ကျွေးမှု | တိုက်ကျွေးမှုရှိသည်✔<br>တိုက်ကျွေးမှု မရှိပါ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ☐ | | | တိုက်ကျွေးမှုရှိသည်☐<br>တိုက်ကျွေးမှု မရှိပါ ☐ | | |
| **ဉ။** ကျောင်းဆရာ/မ ဦးရေ | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** | **ကျား** | **မ** | **ပေါင်း** |
| အစိုးရခန့် | ၄ | ၁ | ၅ | | | | | | |
| ကျေးရွာခန့် | | | | | | | | | |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

**မှတ်ချက်။** ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင်ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အအုံ အားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလို သည်။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင်စာသင်ကျောင်းအခြေအနေမှာ မူလတန်းအဆင့်ရှိပြီး ကျေးရွာမှ သွားရသည့် အကွာအဝေးမှာ (၁)မိုင်ဖြစ်ပြီး ကျောင်းသား/သူများမှာ ကျောင်းသို့ခြေလျင်(သို့မဟုတ်) စက်ဘီး(သို့မဟုတ်)ဆိုင်ကယ်များဖြင့်သွားရောက်ပညာသင်ကြားကြကြောင်း၊စာသင်ကျောင်း(၂)ဆောင်ရှိပြီး၊ အမိုး၊နံရံ၊အခင်း အရည်အသွေးမှာ အသင့်အတင့်သာရှိကြောင်း၊ ကျောင်းသုံးပရိဘောဂလုံလောက်မှု မရှိကြောင်း၊ ကျောင်းအိမ်သာအခြေအနေမှာ အသင့်အတင့်ရှိပြီး တစ်လတစ်ကြိမ် ကျောင်းအာဟာရ တိုက်ကျွေးမှုများရှိကြောင်း၊ အစိုးရခန့် ကျောင်းဆရာ(၄)ဦး နှင့် ဆရာမ(၁)ဦး စုစုပေါင်းဆရာ/မ(၅)ဦး ရှိပြီး၊ ကျေးရွာခန့် ဆရာ/မ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇) ကျန်းမာရေး

### (၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

| စဉ် | ရောဂါ | ပျံ့နှံ့မှု/ဖြစ်ပွားမှု | | |
|---|---|---|---|---|
| ၁ | ဝမ်းပျက်ဝမ်းလျှော | မြင့်☐ | နိမ့်☐ | မရှိ✔ |
| ၂ | သွေးလွန်တုပ်ကွေး | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၃ | ငှက်ဖျား | မြင့်✔ | နိမ့်☐ | မရှိ☐ |
| ၄ | အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၅ | HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✔ |
| ၆ | တီဘီ | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၇ | ဆီးချို | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၈ | သွေးတိုး | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၉ | အသည်းရောဂါ ( ဘီ၊ စီ) | မြင့်☐ | နိမ့်☐ | မရှိ✔ |
| ၁၀ | အာဟာရ ချို့တဲ့မှု | မြင့်☐ | နိမ့်✔ | မရှိ☐ |
| ၁၁ | အခြား ကူးစက်နိုင်သော ရောဂါများ | မြင့်☐ | နိမ့်☐ | မရှိ✔ |

ရင်းမြစ် … (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ငှက်ဖျားရောဂါသည် အများဆုံးဖြစ်ပွားပြီး၊ သွေးလွန်တုပ်ကွေးရောဂါ၊ အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ၊ တီဘီ၊ ဆီးချို၊သွေးတိုးနှင့်အာဟာရချို့တဲ့မှု ရောဂါများသည် ဖြစ်ပွားမှုနည်းပါးကြောင်း တွေ့ရှိရပါသည်။ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အသည်းရောဂါ (ဘီ/စီ)နှင့် အခြား ကူးစက်နိုင်သော ရောဂါများဖြစ်ပွားမှု မရှိကြောင်း တွေ့ရှိရပါသည်။

## (၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

| စဉ် | **ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်) | ရှိ | မရှိ |
|---|---|---|---|
| ၁ | အဆုတ်ရောဂါ | ✔ | |
| ၂ | ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ | ✔ | |
| ၃ | ပိုလီယိုရောဂါ | ✔ | |
| ၄ | မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း) | ✔ | |
| ၅ | ဝက်သက်ရောဂါ | ✔ | |
| ၆ | အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု | ✔ | |
| ၇ | အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်) | ✔ | |
| ၈ | အာဟာရ ပညာပေး အစီအစဉ် | ✔ | |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသို့လွန်ခဲ့သော(၁၂)လအတွင်း အသည်းရောင်အသားဝါ(ဘီ)ပိုး ရောဂါ၊ ပိုလီယိုရောဂါ၊ ဂက်သက်ရာဂါ၊ အာဟာရမှတ်တမ်းယူမှုတို့အား ကျန်းမာရေးဦးစီးဌာနမှ သတ်မှတ်ရက်အလိုက် လာရောက်ထိုးနှံပေးပြီး၊ ကိုယ်ဂန်ဆောင်များ မေးခိုင်ကာကွယ်ဆေး အား(၁)လတစ်ကြိမ်လာရောက် ထိုးနှံပေးပါသည်။ ကျေးရွာမှစုပေါင်း၍ ကျောင်းသားများအား အာဟာရတိုက်ကျွေးမှု အစီအစဉ်များရှိပါကြောင်း လေ့လာတွေ့ရှိရပါသည်။

## (၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

| ကျန်းမာရေး ဝန်ဆောင်မှု | ခရီး အကွာအဝေး (မိုင်) | အခန်း/ကုတင် လုံလောက်မှု |
|---|---|---|
| ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ | ၀ မှ ၁ မိုင် ✔<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✔ |
| တိုက်နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ✔<br>၁၀ မိုင်အထက် ☐ | ရှိ ☐<br>မရှိ ✔ |
| မြို့နယ် ဆေးရုံ | ၀ မှ ၁ မိုင် ☐<br>၁ မိုင် မှ ၃ မိုင် ☐<br>၃ မိုင် မှ ၅ မိုင် ☐<br>၅ မိုင် မှ ၁၀ မိုင် ☐<br>၁၀ မိုင်အထက် ✔ | ရှိ ✔<br>မရှိ ☐ |

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာသည် ကျေးလက်ကျန်းမာရေး ဌာနသို့သွားရန် (၁)မိုင်၊ တိုက်နယ်ဆေးရုံသို့သွားရန် (၅)မိုင်မှ (၁၀)မိုင် ကွာဝေးပြီး မြို့နယ်ဆေးရုံသို့သွားရန် (၂၀) မိုင်အထက် ကွာဝေးပါကြောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ နှင့် တိုက်နယ်ဆေးရုံတွင်အခန်းကုတင် လုံလောက်မှုမရှိကြောင်း ၊ မြို့နယ်ဆေးရုံတွင်သာအခန်း ကုတင်လုံလောက်မှုရှိကြောင်း တွေ့ရှိရပါသည်။

## (၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

### (၇.၄.၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက် မှု (မိုး၊ဆောင်း ၊နွေ) |
|---|---|---|---|
| ရေတွင်း | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| အဝီစိတွင်း/ စက်တပ် | ၃ | ကောင်း✔ သင့်☐ ညံ့☐ | နွေ ✔<br>မိုး ✔<br>ဆောင်း ✔ |
| အဝီစိတွင်း/ | ၁၄၀ | ကောင်း☐ သင့်✔ ညံ့☐ | နွေ ✔ |

| ရေရရှိနိုင်မှု | အသုံးပြုသော အိမ်ထောင်စု | ရေ အရည်အသွေး | လုံလောက် မှု (မိုး၊ဆောင်း ၊နွေ) |
|---|---|---|---|
| တုံကင် | | | မိုး ✔<br>ဆောင်း ✔ |
| မိုးရေ<br>သိုလှောင်ကန် | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| မြစ်/ချောင်းရေ | ၆၃ | ကောင်း✔ သင့်☐ ညံ့☐ | နွေ ✔<br>မိုး ✔<br>ဆောင်း ✔ |
| ရေကန် | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |
| စိမ့်စမ်းရေ | | ကောင်း☐ သင့်☐ ညံ့☐ | နွေ ☐<br>မိုး ☐<br>ဆောင်း ☐ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သောက်သုံးရေရရှိမှု အခြေအနေမှာ အိမ်ထောင်စု အများစုသည် အဝီစိတွင်း၊တုံကင် သုံးစွဲလျှက်ရှိကြောင်းနှင့် အဝီစိ/စက်တပ်ရေကိုအသုံးပြုသော အိမ်ထောင်စုမှာ နည်းပါးပြီး မြစ်ချောင်းရေအသုံးပြုသူ အိမ်ထောင်စု(၆၃)စု ရှိကြောင်းနှင့် သောက်သုံးရေရရှိမှုအနေဖြင့်နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံး ရေလုံလောက်မှုရှိပြီး သောက်သုံးရေအနေဖြင့်အရည်အသွေး အသင့် အတင့်သာရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)**

ဇယား (၂၂) အိမ်သာ အမျိုးအစား

| သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား | သုံးစွဲနိုင်သော အိမ်ထောင်စု |
|---|---|
| **သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| ရေဆွဲ အိမ်သာ | |
| ရေလောင်း/ယင်လုံအိမ်သာ | ၁၆၀ |
| **မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု** | |
| တွင်း/ဇလားအိမ်သာ | |
| တွင်းမရှိ အိမ်သာ | |
| အိမ်သာမရှိ | ၄၆ |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ယင်လုံ အိမ်သာကို သုံးစွဲသူ(၁၆၀)ဦးရှိပြီး အချို့သော အိမ်ထောင်စုများမှာ အခြားအိမ်ထောင်စုများ၏ အိမ်သာများတွင် ပေါင်းစပ်အသုံးပြုနေပြီး စနစ်တကျ သုံးစွဲမှု အားနည်းကြောင်း လေ့လာ တွေ့ရှိ ရပါသည်။

**(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ**

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစား | အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက် |
|---|---|---|
| ၁ | စားနပ်ရိက္ခာ မဖူလုံမှု | (မရှိ) |
| ၂ | သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ) | (မရှိ) |
| ၃ | ရေကြီးခြင်း | (မရှိ) |
| ၄ | မိုးခေါင်ခြင်း | (မရှိ) |
| ၅ | အအေးလွန်ကဲခြင်း | (မရှိ) |
| ၆ | မုန်တိုင်း | ရံဖန်ရံခါ |
| ၇ | လျှော | (မရှိ) |
| ၈ | မီးဘေး | (မရှိ) |
| ၉ | ဆားငန်ရေဝင်မြေ | (မရှိ) |
| ၁၀ | မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု | (မရှိ) |
| ၁၁ | သစ်တောပြုန်းတီးခြင်း | (မရှိ) |
| ၁၂ | ငှက်ဖျားရောဂါ | (မရှိ) |
| ၁၃ | တီဘီရောဂါ | (မရှိ) |
| ၁၄ | ကိုယ်ခံအားကျဆင်းမှုရောဂါ | (မရှိ) |
| ၁၅ | ပြည်တွင်း ပဋိပက္ခ | (မရှိ) |
| ၁၆ | တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု | (ရှိ) |
| ၁၇ | လူကုန်ကူးခြင်း | (မရှိ) |
| ၁၈ | ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည် | (မရှိ) |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် ဘေးအန္တရာယ်ထိခိုက်မှု အနေဖြင့် တိရိစ္ဆာန်ကူးစက်ရောဂါ ကျရောက်မှုများရှိပြီး ရံဖန်ရံခါမုန်တိုင်း အန္တရာယ်ကျရောက်ကြောင်းနှင့် အခြား ဘေးအန္တရာယ် ဖြစ်ပွား မှုများ မရှိကြောင်း တွေ့ရှိရပါသည်။

## (၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှု အခြေအနေ

ဇယား (၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ အခြေအနေ

| အကြောင်းအရာ | အန္တရာယ်ရှိမှု(နိမ့်၊ လတ်၊မြင့်) | ဖော်ပြချက်/ရှင်းလင်းချက် |
|---|---|---|
| မြေဆီသြဇာ အခြေအနေ | လတ် | |
| အပင်မျိုးစိတ်များ | နိမ့် | |
| ရေအရင်းအမြစ် | လတ် | |
| ငါးမျိုးကွဲများ | လတ် | |
| အခြားတိရစ္ဆာန်မျိုးကွဲများ | နိမ့် | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်အခြေအနေများ အနေဖြင့် မြေဆီသြဇာ၊ ရေအရင်းအမြစ်၊ ငါးမျိုးကွဲများနှင့် ပတ်သက်၍ အန္တရာယ်ကျရောက်မှုမှာ အလယ်အလတ်သာဖြစ်ကြောင်း၊ အပင်မျိုးစိတ်များနှင့်အခြားတိရိစ္ဆာန်မျိုးကွဲများ၏အန္တရာယ်ကျရောက်မှုမှာ နည်းပါးကြောင်း တွေ့ရှိရပါသည်။

## (၁၀) ကျား – မ ရေးရာ

ဇယား (၂၅) ကျား – မ ရေးရာ

| စဉ် | ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ | ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန် | |
|---|---|---|---|
| ၁ | ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု | ရှိ✔ | မရှိ☐ |
| ၂ | ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု | ရှိ✔ | မရှိ☐ |

ရင်းမြစ်(၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် လူမှုစီးပွားဖွံ့ဖြိုးစေရေးအတွက် ကျေးရွာစီမံအုပ်ချုပ်မှုစနစ် ၊ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများတက်ကြွစွာ ပါဝင်ကြောင်း တွေ့ရှိရပါသည်။

နောက်ဆက်တွဲ (၂)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့်စိန်ခေါ်မှု | ဖြေရှင်းမည့်နည်းလမ်းများ | အဆိုပြုစီမံချက်နှင့်လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁ | **အဆောက်အဦး** | | | | | |
| | ❖ ရွာလယ်လမ်းမမကောင်းခြင်း | ❖ မြေသားလမ်းဖြစ်နေခြင်း | ❖ ကျောက်များအလွယ်တကူရရှိခြင်း၊ | ❖ ငွေကြေးချို့တဲ့ခြင်း<br>❖ ဌာနဆိုင်ရာများနှင့်ချိတ်ဆက်မှုအားနည်းခြင်း | ❖ ကျေးရွာဆပ်ကော်မတီဖွဲ့စည်းပြီးကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ရေးစီမံချက်ရေးဆွဲဆောင်ရွက်ခြင်းကျေးရွာမှလုပ်အားထည့်ဝင်ဆောင်ရွက်ခြင်း | ❖ ကျေးရွာတွင်းလမ်းချောင်းကျောက်ခင်းခြင်းလုပ်ငန်း |
| | ❖ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း | ❖ ချောင်းကျောက်လမ်းအားအဆင့်မြှင့်တင်လိုခြင်း | ❖ ကွန်ကရစ်ခင်းရန်အောက်ခံအမာခံကျောက်များရှိခြင်း | ❖ မြို့နှင့်ဝေးကွာသောကြောင့်စျေးနှုန်းများကြီးမြင့်၍ငွေကြေးမတတ်နိုင်ခြင်း | ❖ လမ်းကော်မတီဖွဲ့စည်း၍ဌာနဆိုင်ရာအကူအညီများ၊ပြင်ပအကူအညီများရရှိအောင်ဆောင်ရွက်ခြင်း | ❖ ရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း |

| | | | | | | |
|---|---|---|---|---|---|---|
| | ❖ ကျေးရွာပိုင်မီး သတ်ကားမရှိ ခြင်း | ❖ မီးလောင်မှုဖြစ် ပွားပါက မြို့နယ် မီးသတ် ဌာနနှင့် အလှမ်း ဝေးကွာ ခြင်း | ❖ ကျေးရွာအရန်မီး သတ်တပ်ဖွဲ့အဖွဲ့ဖွဲ့ စည်းထားခြင်း မီးသတ်ကားထား ရန်မြေနေရာရှိခြင်း | ❖ ပြင်ပအဖွဲ့အစည်း များဌာန ဆိုင်ရာ များနှင့် ချိတ်ဆက် ရန်အား နည်းခြင်း | ❖ ပြင်ပအဖွဲ့ အစည်းဌာန ဆိုင်ရာများနှင့် ချိတ်ဆက်၍ ဆောင်ရွက် ခြင်း | ❖ ကျေးရွာပိုင်မီးသတ် ကားရရှိနိုင်ရေး အတွက်ပြင်ပအဖွဲ့ အစည်းများ ဌာန ဆိုင်ရာများနှင့် ချိတ်ဆက် ဆောင် ရွက်ခြင်း |
| | ❖ လျှပ်စစ်မီး မရရှိခြင်း | ❖ လျှပ်စစ်ဓါတ်အာ းလိုင်းနှင့် ဝေးကွာနေ ခြင်း | ❖ မမြရေလှောင်တမံမှ ရေအားလျှပ်စစ် 250kv x2 =500 kv ထုတ်ပေးနိုင် ခြင်း | ❖ ရန်ပုံငွေမရှိခြင်း<br>❖ အုပ်စုတွင်းကျေး ရွာဖြစ်သော ဝက်ဘာကျေးရွာ မီးတပ်ဆင်အသုံး ပြုခြင်းမရှိသေး သောကြောင့် ချိတ်ဆက်ရန် ခက်ခဲခြင်း | ❖ မီးလင်းရေး ကော်မတီဖွဲ့ စည်း၍ ဌာန ဆိုင်ရာအကူ အညီများ၊ပြင်ပ အကူ အညီများ ရရှိ အောင် ဆောင်ရွက်ခြင်း | ❖ တစ်ရွာလုံးလျှပ် စစ်မီးရရှိရေး လုပ်ငန်း |
| | ❖ ခန်းမဆောင် မရှိခြင်း | ❖ လူငယ်များနှင့် ကျောင်းသား/ သူ များအနာ ဂတ် တိုင်ပင် ဆွေးနွေး အပန်းဖြေရန်နေ ရာမရှိခြင်း၊ ရွာ တွင်အ စည်း အ ဝေးပြုလုပ်ရန်နေ ရာမရှိ ခြင်း | ❖ (၅၀')ပတ်လည်ခြံ ကွက်ကျေးရွာတွင်း ခြံဝိုင်းရှိခြင်း၊ခန်းမ ဆောင်အဆောက် အဦးအတွက်(၃၅%) ကျေးရွာတွင်လူထုမှ ပြင်ဆင်ထားခြင်း | ❖ လူငယ်ဖွံ့ဖြိုးရေးအ တွက်ဆောင်ရွက် မည့်အဖွဲ့မရှိခြင်း၊ ဌာနဆိုင်ရာအကူ အညီရရှိရေးအတွ က်ကျေးရွာမှအရေး ဆိုမည့်အဖွဲ့အစည်း မရှိခြင်း | ❖ ခန်းမဆောင် တည်ဆောက် နိုင်ရေးအတွက် ဌာနဆိုင် ရာ အဖွဲ့အစည်း များနှင့် ချိတ် ဆက်ဆောင် ရွက် ခြင်း | ❖ ကျေးရွာတွင်းခန်းမ ဆောင်တည် ဆောက် နိုင်ရေး အတွက် သက်ဆိုင် ရာ အဖွဲ့အစည်း များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | **စိုက်ပျိုးရေး(သီးနှံ)** | | | | | |
| | ❖ သီးနှံများ အချိန်မီ ထွန်ယက်မ စိုက်ပျိုးနိုင် ခြင်း | ❖ လုပ်ငန်းသုံး စက်ကိရိယာ များမလုံ လောက်ခြင်း | ❖ စိုက်ပျိုးမြေ ပေါ်များခြင်း | ❖ သီးနှံများဖြစ်ထွန်းမှု နည်းပါး၍ ဝင်ငွေ နည်းပါးခြင်း<br>❖ ငွေကြေးမတတ်နိုင် ခြင်း | ❖ လုပ်ငန်းသုံးစက်ကိရိ ယာများလုံလောက်စွာ ရရှိအောင်ဌာနဆိုင်ရာ များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | ❖ လုပ်ငန်းသုံး စက်ကိရိယာ များလုံလောက် စွာရရှိအောင် တင်ပြဆောင် ရွက်ရန် |
| | ❖ သီးနှံအထွက် နှုန်းလျော့ခြင်း | ❖ စိုက်ပျိုးရေး ဆိုင်ရာဗဟုသု တ နည်းပါးခြင်း | ❖ စိုက်ပျိုးမြေ လုံလောက် စွာ ရှိခြင်း | ❖ မြေဆီလွှာများပျက် စီးလာ၍သီးနှံအထွက် နှုန်းလျော့ကျခြင်း | ❖ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာဗဟုသုတ ရရှိရန်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက် ပေးခြင်း | ❖ စိုက်ပျိုးရေးဆိုင်ရာ နည်း ပညာ ဗဟု သုတ ရရှိရန် သင်တန်းများ ဖွင့်လှစ်ဆောင် ရွက်ခြင်း |
| | **မွေးမြူရေး** | | | | | |
| | ❖ မွေးမြူရေး နည်းပညာ အားနည်းခြင်း | ❖ မွေးမြူရေး နည်းပညာ မရှိခြင်း | ❖ မွေးမြူရေး လုပ်ငန်း ဆောင်ရွက် ရန်မြေနေရာ လုံလောက် ခြင်း | ❖ တိရိစ္ဆာန်များရောဂါ ကုသရန်ဆေးဝါး မရှိခြင်း | ❖ တိရိစ္ဆာန်ရောဂါကာ ကွယ်ရေးတိုးတက် အောင်ဆောင်ရွက်ခြင်း | ❖ မွေးမြူရေး နည်းပညာ ဆိုင်ရာ ဝန်ဆောင်မှု ရရှိ အောင်ဆောင် ရွက်ခြင်း |

| | | | | | | |
|---|---|---|---|---|---|---|
| | **ပညာရေး** | | | | | |
| | ❖ ကျေးရွာရှိ ကလေးသူ ငယ်များအ တွက် မူကြိုကလေး ထိန်းကျောင်းမ ရှိ ခြင်း | ❖ ကလေးသူငယ်များ အခြားကျေးရွာသို့ သွားရောက်ကျောင်း တက်ရခြင်း<br>❖ မိဘများကိုယ်တိုင် လိုက်ပါပို့ ဆောင်ရ သဖြင့်ဝင်ငွေရလုပ် ငန်းလုပ်ကိုင်ရန်အ ချိန်မလုံလောက်ခြင်းအခက်အခဲရှိခြင်း | ❖ မူကြိုကလေးထိန်း ကျောင်းဆောက် လုပ်ရန်မြေနေရာ ပေးနိုင်ခြင်း | ❖ ပြင်ပအဖွဲ့အစည်း များနှင့်ချိတ်ဆက် ဆောင်ရွက်မည့် အဖွဲ့အစည်း မရှိခြင်း | ❖ ပြင်ပအဖွဲ့အစည်း များအလှူရှင်များ ပေါ်ပေါက်လာပါက ကျေးရွာနှင့်ပူး ပေါင်းဆောင်ရွက် ခြင်း | ❖ မူကြိုကလေး ထိန်းကျောင်း ဆောက်လုပ် နိုင် ရန် သက်ဆိုင်ရာ ဌာန များသို့ တင်ပြ တောင်း ခံခြင်း |
| | **ကျန်းမာရေး** | | | | | |
| | ❖ ကျန်းမာရေး ဆိုင်ရာအရေး ပေါ်အခြေအနေ များတွင် အခက် အခဲများ နှင့်ရင် ဆိုင်နေ ရခြင်း | ❖ ကျန်းမာရေးအရေး ပေါ်အခြေအနေများ ပေါ်ပေါက်ပါက ဆေးရုံနှင့်အလှမ်း ဝေး ခြင်း | ❖ ကျေးရွာတွင်း ကျန်းမာရေးဌာနရှိ ခြင်း | ❖ အရေးပေါ်အခြေ အနေပေါ်ပေါက် ပါကလူနာတင် ယာဉ်မရှိသော ကြောင့်အချိန်မီပို့ ဆောင်နိုင်မှုအား နည်းခြင်း | ❖ ပြင်ပအလှူရှင်များ သက်ဆိုင်ရာဌာန များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | ❖ အရေးပေါလူနာ တင်ကားရရှိ အောင် သက်ဆိုင်ရာ အဖွဲ့အစည်းများ သို့တင်ပြ တောင်း ခံခြင်း |
| | **အသက်မွေးဝမ်းကျောင်း** | | | | | |
| | ❖ အမျိုးသမီး များဝင်ငွေ နည်းပါးခြင်း | ❖ အလုပ်အကိုင်အခွင့် အလမ်းနည်း ပါးခြင်း | ❖ ကျေးရွာတွင်လုပ် သားအင်းအား ရှိခြင်း | ❖ အလုပ်အကိုင်အ ခွင့်အလမ်းရှာ ဖွေလိုစိတ်မရှိ ခြင်း | ❖ ပြင်ပအဖွဲ့အစည်း များဌာနဆိုင်ရာများ နှင့်ချိတ်ဆက်၍ စက်ချုပ်သင်တန်း ဖွင့်လှစ်နိုင် ရေးဆောင်ရွက်ရန် | ❖ အလုပ်အကိုင် အ ခွင့်အလမ်း ရရှိ အောင်စက်ချုပ် သင် တန်းဖွင့်လှစ် ဆောင်ရွက်ရန် |

| | | | | | | |
|---|---|---|---|---|---|---|
| | **လူငယ်ဖွံ့ဖြိုးရေး** | | | | | |
| | ❖ လူငယ်များအ ားကစား ပြုလုပ်ရန် အခက် အခဲရှိခြင်း | ❖ ကျေးရွာပိုင်အား ကစား ကွင်းကောင်းမွန် မှုမရှိ ခြင်း | ❖ ကျေးရွာပိုင်ဘောလုံး ကွင်းရှိခြင်း | ❖ အားကစားကွင်း ပြုပြင်ရန်ငွေကြေး အခက်အခဲရှိခြင်း | ❖ ကျေးရွာအားကစား ကွင်းအဆင့်မြှင့်တင် ရေးပြုပြင်နိုင်ရန်သက် ဆိုင်ရာအဖွဲ့အစည်း များနှင့်ချိတ်ဆက် ဆောင်ရွက်ခြင်း | ❖ ကျေးရွာအားက စားကွင်းအား အဆင့်မြှင့်တင် နိုင်ရေးနှင့်ပြုပြင် ထိန်းသိမ်းရေး အတွက် အဖွဲ့ အစည်း များနှင့် ချိတ်ဆက် ဆောင်ရွက်ရန်၊ |

## ကိုးကားစာရင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းလမ်းညွှန်စာအုပ်၊၂၀၁၅၊မေ။

၂။ ၂၀၁၈ခု ဖေဖော်ဝါရီလက ကျောက်တောင်ကျေးရွာတွင် ကျင်းပခဲ့သောကျေးရွာအခြေအနေကို ရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်းလုပ်ငန်းမှမှတ်စုများ၊

၃။ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ကျေးရွာဆိုင်ရာရည်ညွှန်းမှတ်တမ်းစာအုပ်၊

# မြန်အောင်မြို့နယ်၊မျှင်ဝါးတောင်ကျေးရွာအုပ်စု၊ညောင်ခုံကျေးရွာ

## ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးလှမြင့် | ဦးအောင်ငြိမ်း | ၁၄/မအန(နိုင်) ၀၅၇၃၄၇ | ၄၉ | ဥက္ကဌ | ၀၉.၇၆၂၁၄၃၈၅၃ |
| ၂ | ဒေါ်မြအေး | ဦးကြာ | ၁၄/မအန(နိုင်) ၀၇၅၄၆၃ | ၄၉ | အတွင်းရေးမှူး | ၀၉.၇၆၆၈၉၇၉၅၄ |
| ၃ | ဦးကျန်ရ | ဦးအောင်ခ | ၁၄/မအန(နိုင်) ၀၆၈၀၃၇ | ၇၀ | ဘဏ္ဍာရေးမှူး | ၀၉.၂၅၃၅၀၂၇၉၉ |
| ၄ | ဦးဝင်းနိုင် | ဦးကျော်တင် | ၁၄/မအန(နိုင်) ၁၃၅၆၇၅ | ၄၇ | စာရင်းကိုင် | |
| ၅ | ဦးကျော်မင်းဦး | ဦးကျော်သန်း | ၁၄/မအန(နိုင်) ၁၄၉၈၃၂ | ၃၆ | စာရင်းကိုင် | ၀၉.၄၉၇၂၃၇၄၄ |
| ၆ | ဦးသန်းအောင် | ဦးရွှေထွန်း | ၁၄/မအန(နိုင်) ၀၇၁၇၁၁ | ၅၁ | အဖွဲ့ဝင် | |
| ၇ | ဦးထွန်းထွန်း | ဦးချန်ထွန်း | ၁၄/မအန(နိုင်) ၁၃၅၅၆၈ | ၄၀ | ။ | ၀၉.၉၇၃၁၅၀၃၂၇ |
| ၈ | ဒေါ်ယဉ်ယဉ်အေး | ဦးကျန်ရ | ၁၄/မအန(နိုင်) ၁၂၆၉၈၈ | ၃၉ | ။ | ၀၉.၂၅၃၅၀၂၇၉၉ |
| ၉ | ဒေါ်မေဇင်ထွန်း | ဦးထွန်းယု | ၁၄/မအန(နိုင်) ၂၅၆၆၂၅ | ၃၀ | ။ | ၀၉.၇၇၆၁၃၄၃၅၆ |